# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၃၃)


**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**

➢ နိုင်ငံတော်၏ အနာဂတ်သည် ယနေ့ကလေးများ တော်သလောက် ကောင်းသည့်အပေါ်တွင် တည်မှီနေခြင်းကြောင့် လူကောင်း လူတော်ဖြစ်အောင် လေ့ကျင့်ပေးသည့်ကျောင်းသို့ သွားဖြစ်အောင် သွားကြပါ။ မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ။

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အတူ ဇနီး ဒေါ်နီလာ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❑





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လူရည်ချွန်ဆုရရှိသူ မောင်ရဲထက်ကျော်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

## ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံအချို့၏ ကြေညာချက်နှင့် ထုတ်ပြန်ပြောကြားချက်များအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ နေပြည်တော်)

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံအချို့က ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများ အပါအဝင် သတင်းဖော်ပြချက်များ ပြုလုပ်ခဲ့သည်။


*စာမျက်နှာ ၅ ကော်လံ ၁* ▲


## မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်များကျခံခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၀၈၆ ဦးကို လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းကာ မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် ပထမဆုံးအကြိမ်အဖြစ် ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❖



## နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်ဒေသ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်း

နီပေါ စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသမှ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်လေယာဉ် Y8 ဖြင့် ရန်ကုန်မြို့မှ နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့ရှိ Tribhuvan International Airport(KTM) သို့ သွားရောက်၍ လှူဒါန်းသည်။


*စာမျက်နှာ ၇ ကော်လံ ၁* ❍


**ယနေ့ ဇတ်စရာ**

**စိုက်ပျိုးရေးနည်းပညာအခြေခံ စက်မှုလယ်ယာစနစ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး မျှော်မှန်းချက်**


*စာမျက်နှာ > ၆*


**၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း (၁-၈-၂၀၂၆ ရက်နေ့မှ ၃၁-၈-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်**


*စာမျက်နှာ > ၁၅*


## ကလေးမြို့နယ်၊ တီးတိန်မြို့နယ်နှင့် ခိုင်ကမ်းမြို့တို့တွင် ရေကြီးမှုများ ဖြစ်ပေါ်မှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ယခုရက်ပိုင်းအတွင်း အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ နရဥ္စရာချောင်းမှ ချောင်းရေလျှံခြင်းများဖြစ်ပေါ်ပြီး ဖောင်းကူးကျေးရွာအတွင်း ရုတ်တရက် ချောင်းရေများဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သည်။


*စာမျက်နှာ ၈ ကော်လံ ၁* ✳




# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**“လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ *ရွှေဖုံးမှ*

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများနှင့် တပ်မတော် ပညာရေးကျောင်းများမှ အုပ်ချုပ်မှုတာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို နှစ်စဉ် ကျင်းပပြုလုပ်ပေးနေခြင်းသည် လူငယ်မောင်မယ်များ၏ကြိုးစားအားထုတ်ခဲ့မှုများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စွမ်းအားများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းပင် ဖြစ်ကြောင်း၊ ထို့အပြင် လူငယ်မောင်မယ်များ၏ ရင်ထဲတွင် အောင်မြင်မှု၏ အသီးအပွင့်များကို ခံစားတတ်ပြီး ဘဝတစ်လျှောက်အောင်မြင်မှုကို ရင်းနှီးခုံမင်တတ်သည့် စိတ်အမြဲတေ တစ်ခုဖြစ်ပေါ်လာစေရန် ထုဆစ်ပုံဖော်ပေးခြင်းလည်းဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၅၃ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၂၀၊ လူရည်ချွန်ဆုရရှိသူ ၂၉ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည်လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည်ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ရှစ်ဦးတို့အပြင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

လူငယ်မောင်မယ်များအနေဖြင့် ယခုအခါ အခြေခံပညာအဆင့်ကို ထူးချွန်မှုများနှင့်အတူ အောင်မြင်ခဲ့ပြီးဖြစ်၍ ရရှိသည့်အမှတ်စာရင်းများအလိုက် အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားသွားကြရမည် ဖြစ်ကြောင်း၊ အဆင့်မြင့်တက္ကသိုလ် ပညာရပ်များကို သင်ကြားရန်အတွက် ရွေးချယ်ရာတွင် မိမိဝါသနာအပေါ်အခြေခံပြီး ရွေးချယ်နိုင်ကြမည်ဆိုပါက မိမိတို့ဘဝရပ်တည်ရေးနှင့် အောင်မြင်မှုများအတွက် အကောင်းဆုံးဖြစ်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ ဇနီး ဒေါ်နီလာ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မောင်ဟိန်းခန့်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ယနေ့ကမ္ဘာကြီးသည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ Mobile Phone သုံးစွဲမှုနှင့်အတူ လူမှုကွန်ရက်ပလက်ဖောင်းအသီးသီးတွင် သုံးစွဲမှုများသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ သုံးစွဲမှုအရွယ်များကို လေ့လာကြည့်ပါက KG မတိုင်မီ အရွယ်အပါအဝင် အဆင့်မြင့်တက္ကသိုလ် ပညာသင်အရွယ်များအထိ ပါဝင်နေသည်ကို တွေ့မြင်နေရကြောင်း၊ လူမှုကွန်ရက် ပလက်ဖောင်းမျိုးစုံက တစ်ဆင့် သတင်းတု၊ သတင်းမှားများ ဖတ်မိပြီး စိတ်အလိုလိုက်ကာ လွဲမှားသည့် အယူအဆအမှားများကတစ်ဆင့် လမ်းမှား၊ ဘဝပျက်ခဲ့ရသည့် လူငယ်များရှိနေသကဲ့သို့ လူငယ်များ၏ လောကနီတိဖွံ့ဖြိုးမှု၊ လူငယ်များ၏ စွမ်းရည်မြင့်မားရေးဆိုင်ရာ လေ့လာမှုအပိုင်းများတွင် စိတ်ပါဝင်စားမှုနှင့် လိုက်နာမှုများ တစ်စတစ်စ လျော့ပါးလာသည့် အနာဂတ်အန္တရာယ်များကို တွေ့မြင်နေရကြောင်း။

ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏သားသမီးများ ဆိုရှယ်မီဒီယာများ သုံးစွဲခြင်းကို စည်းကမ်းတကျ စီမံကြပ်မတ်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူသားတို့၏ ဘဝအဖော်မွန်ကောင်းတစ်ခုသည် စာကောင်းပေမွန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စာကောင်းပေမွန်များ ဖတ်ရှုခြင်းဖြင့် ဘဝ၏စဉ်းစားတွေးခေါ်မှုများ၊ ဘဝ၏ ဆုံးဖြတ်ချက်များ၊ ဘဝရပ်တည်မှုများသည် မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် တတ်မြောက်ထားသည့် အတန်းပညာများသာမက အသိပညာ၊ အတတ်ပညာများကိုပါ ပိုမိုရင့်သန်စေခြင်းဖြစ်၍ လက်ရှိငယ်ရွယ်စဉ်ကတည်းက စာပေများဖတ်ရှုခြင်းဝါသနာကို မွေးမြူကြရန်လိုအပ်ကြောင်း။

တပ်မတော်သား အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်၏ နယ်မြေအသီးသီးတွင် ကျရာတာဝန်ကို နေရာဒေသမရွေး ထမ်းဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာ နယ်မြေအသီးသီးတွင် ပေးအပ်လာသည့် ကျရာတာဝန်များကို ထမ်းဆောင်ကြရင်း ကိုယ်စီမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ကဏ္ဍများကို တိုးတက်အောင်ထမ်းဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ ထိုသို့ ဘဝ၏စိန်ခေါ်မှုများကြားက မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးကို စွမ်းစွမ်းတမံ ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသူများသည် နိုင်ငံတော်၏ စစ်သည်တော်ကောင်းများဖြစ်သကဲ့သို့ မိသားစု၏ မိဘကောင်းများအဖြစ်လည်း သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ မိဘ၏အရိပ်အောက်မှ ကြိုးစားအောင်မြင်ခဲ့ကြသည့် လူငယ်မောင်မယ်တို့အနေဖြင့်လည်း မိသားစု၏သားသမီးကောင်းရတနာများအဖြစ်သာမက နိုင်ငံ့သားကောင်းရတနာများအဖြစ်ပါ ဆင့်ကဲကမ္ပည်းထိုးနိုင်ခဲ့မှုအတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံးဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

မိမိတို့တပ်မတော်အနေဖြင့် ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် ကဏ္ဍနှစ်ခုကို အပိုင်းခွဲ ဖော်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးနှင့် တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရန်အတွက် တပ်မတော်ပညာရေးကျောင်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက်လည်း ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး အခြေခံပညာရေးမှသည် အဆင့်မြင့်ပညာရေးအထိ သင်ကြားအောင်မြင်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းထမ်းရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် လက်ရှိ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်တွင်လည်း တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းနှစ်ကျောင်းကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ခွဲ၍ နေပြည်တော်နှင့် ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ပညာရေးကဏ္ဍသစ်အဖြစ် ဖွင့်လှစ်လိုက်သည့်ကျောင်းများတွင် တပ်မတော်သားမိသားစုဝင်များ၊ တပ်မတော်သားအငြိမ်းစားများ၏ မိသားစုဝင်များအပြင် တပ်မတော်နှင့် တပ်မတော်၏ ပညာရည်မြင့်မားရေး ဖော်ဆောင်မှုအပေါ် စိတ်ပါဝင်စားစွာ တက်ရောက်လိုသူများကို ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်သကဲ့သို့ တက်ရောက်လိုသူများကိုလည်း အမြဲတမ်း ကြိုဆိုလျက်ရှိကြောင်း။

**ဆက်လက်ကြိုးပမ်း**

လူငယ် မောင်မယ်တို့ကိုယ်စီတွင် ပိုင်ဆိုင်ထားပြီးဖြစ်သည့် ထူးချွန်လိုသည့် စိတ်ဓာတ်၊ ငယ်ရွယ်စဉ်ကတည်းက ရည်မှန်းချက်ထားရှိခဲ့သည့် ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊ ထူးချွန်အောင်မြင်မှုကို ခုံမင်သည့်စိတ်ဓာတ်များကို အခြေခံပြီး မိမိတို့ရွေးချယ်ရာ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များတွင်လည်း ထူးချွန်အောင်မြင်သူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြရန်၊ မိမိဘဝအတွက်၊ မိမိ မိသားစုအတွက်၊ မိမိနိုင်ငံတော်အတွက် တတ်သင့်တတ်ထိုက်၊ သိသင့်သိထိုက်သည့်မှန်သမျှကို တတ်ချင်၊ သိချင်၊ ကြိုးစားချင်သည့် အညွန့်တလူလူစိတ်ဓာတ်နှင့် နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်နိုင်သူများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ၂၀၂၅–၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ သုံးဦး၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ နှစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာက လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ငါးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် တပ်မတော် ပညာရေးကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ သုံးဦး၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ဇနီး ဒေါ်နန်းကူးကူက လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ ခြောက်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုများ ပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သီဆိုဖျော်ဖြေ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြုတေး သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ မိဘများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကယားပြည်နယ်လူငယ်ရေးရာကော်မတီက ကြီးမှူး၍ "လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေး" လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၂**

ကယားပြည်နယ် လူငယ်ရေးရာကော်မတီကကြီးမှူး၍ "လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစား ကင်းရှင်းရေး" လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။





**ရှောင်ကြဉ်တိုက်ဖျက်**

စကားဝိုင်း ဆွေးနွေးပွဲတွင် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက လူငယ်များသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ဦးဆောင်ပြောင်းလဲနိုင်သည့် အင်အားစုတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏အဓိကစွမ်းအားစုဖြစ်သလို အနာဂတ်၏ အသက်သွေးကြောလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ သုခ ဆိုသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် မူးယစ်ဆေးဝါးနှင့် လောင်းကစားတို့သည် လူငယ်များ၏ အနာဂတ်ကို ဖျက်ဆီးစေနိုင်သည့်အတွက် ကာကွယ်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို ထိခိုက်စေသည့်အတွက် လူငယ်များအားလုံးက ရှောင်ကြဉ်တိုက်ဖျက်သွားကြရန် ပြောကြားသည်။(**အပေါ်ပုံ**)

**အမှာစကားပြောကြား**

ထို့အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အစိုးအဖွဲ့အတွက် MRTV DTH စလောင်း ၁၅ စုံနှင့် CANAL+ ၁၀ စုံကို ပြည်နယ်လူမှုရေးရာဝန်ကြီး ထံလည်းကောင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) အတွက် MRTV DTH စလောင်း ၁၀ စုံနှင့် CANAL+၁၀ စုံတို့ကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)မှ တာဝန်ရှိသူ တစ်ဦးထံလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ Moderator အဖြစ် လွိုင်ကော်တက္ကသိုလ် သင်္ချာဌာနမှ ပါမောက္ခ ဒေါက်တာ အေးအေးတင့်က ဆောင်ရွက်ပြီး ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများက **"လောင်းကစား၏ ဆိုးကျိုးများ၊ ရှောင်ရှားရမည့် နည်းလမ်းများနှင့် လူငယ်များ၏ အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြကာ တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများ အပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပြည်သူများ၏ နေ့စဉ်ဘဝနှင့် သက်ဆိုင်သည့် ဖြစ်စဉ်များကို အလေးထား ဖော်ထုတ်ကာ ဒေသခံများ သိရှိလိုက်နာသင့်သည့် အသိပညာပေး အကြောင်းအရာများနှင့် အတူ သတင်းမီဒီယာများမှ တစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် မျှဝေပေးရန်၊ ပြည်သူများအား သိရှိနိုင်ရေး အသိပညာပေး လုပ်ငန်းများကို ကြိုးစားလုပ်ဆောင်သွားကြရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများ၊ ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်နှင့်ပြတိုက်ငယ်တို့ကိုလည်းကောင်း၊ လွိုင်ကော်မြို့ရှိ ရုပ်ရှင်ရုံအဟောင်းကိုလည်းကောင်း၊ လွိုင်ကော်စာပေ စာအုပ်အရောင်းဆိုင်ကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ယခုအခါ အလားတူ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးအား ၂၀၂၆ ခုနှစ် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်နိုင်ရန် မြန်မာအစိုးရအနေဖြင့် မလေးရှားအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

သို့ရာတွင် မလေးရှားနိုင်ငံဘက်မှ အထက်ပါနေ့ရက်များတွင် လာရောက်ခေါ်ဆောင်ရန် အဆင်ပြေမှုမရှိပါကြောင်းနှင့် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြန်လည်စီစဉ်ရန် အဆိုပြုလာပါသဖြင့် မြန်မာအစိုးရသည် မလေးရှားနိုင်ငံဘက်မှ အဆိုပြုသည့်နေ့ရက်များတွင် ခရီးစဉ်အား ပြန်လည်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ပရောက် မိမိနိုင်ငံသားများ၏ အရေးကိစ္စများကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများနှင့် ဒုက္ခကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် လိုအပ်သော ကောင်စစ်ရေးရာ ကူညီစောင့်ရှောက်မှုများကို အစဉ်တစိုက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

▲ ရှေ့ဖုံးမှ

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် နောက်ဆက်တွဲဖြစ်စဉ်များသည် အာဆာအကြမ်းဖက်အဖွဲ့၏ တစ်ပြိုင်နက်တည်း အကွက်ချ ကြိုတင်စီစဉ် စတင်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဆိုသည့်အချက်ကို အဆိုပါကြေညာချက်များနှင့် ထုတ်ပြန်ပြောကြားချက်များတွင် အသိအမှတ်ပြုရန် ပျက်ကွက်လျက်ရှိသည်။

ဖြစ်စဉ်အမှန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ကနဦးကျူးလွန်ခဲ့ပြီး ယင်းဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ အသက်ဆုံးရှုံးခဲ့ရသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးစခန်း ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုတို့ကို တစ်ပြိုင်နက်တည်း အကွက်ချတိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အစိုးရဝန်ထမ်းများနှင့်အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခဲ့ရပြီး အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

သို့သော် ကမ္ဘာ့နိုင်ငံအချို့က အာဆာအကြမ်းဖက်များ၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို လျစ်လျူရှုထားကြောင်း တွေ့ရှိရသည်။ အကြမ်းဖက်မှု၏ အသွင်သဏ္ဌာန်မျိုးစုံနှင့် လုပ်ရပ်များအားလုံးကို ရှုတ်ချသင့်သည်။

အာဆာအကြမ်းဖက်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ၎င်းတို့၏ အစွန်းရောက် အကြမ်းဖက်ဝါဒဖြင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်မှုတို့ကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့လည်းကောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂါလီများက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိအခြေအနေမှန်များကိုလည်း လျစ်လျူရှုကာ မြန်မာနိုင်ငံ၏ ပုံရိပ်နှင့်ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်မှုများ မပြုသင့်ကြောင်း အလေးထားဖော်ပြလိုသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံအား ကာကွယ်ပိုင်ခွင့်နှင့် နိုင်ငံနှင့်လူမျိုးအပေါ် ကျူးလွန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ထို့ပြင် အကြမ်းဖက်တိုက်ခိုက်မှုများအား တုံ့ပြန်ရာတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အပြစ်မဲ့ဒေသခံပြည်သူများနှင့် ၎င်းတို့၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်နှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်အတွက် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (RoE) နှင့်အညီ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင်မရှိသည့် လူမျိုးအမည်ဖြင့် လွဲမှားစွာသုံးစွဲဖော်ပြလျက်ရှိသည့် အခြေအနေကိုလည်း ပြတ်သားစွာကန့်ကွက်သည်။ ထို့ကြောင့် ယင်းစကားရပ်ကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အသုံးပြု၍ ရခိုင်ပြည်နယ်မြောက်ပိုင်း ဆက်စပ်ဖြစ်စဉ်များအပေါ် နိုင်ငံရေးအရ အကျိုးအမြတ်ရှိစေရန်အတွက် ကြေညာချက်များနှင့် ထုတ်ပြန်ပြောကြားချက်များ ထုတ်ပြန်နေခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ ယင်းဆောင်ရွက်ချက်များသည် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ စိစစ်ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံ၏ စေတနာမှန်ဖြင့် ကြိုးပမ်းအားထုတ်မှုများအတွက် အပြုသဘောဆောင်သည့် အထောက်အပံ့ဖြစ်မည် မဟုတ်ပါ။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများတွင် ရောက်ရှိနေသူအားလုံးအား မြန်မာနိုင်ငံမှဟု စွပ်စွဲပြောဆိုချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်မကင်းဖြစ်ရကြောင်း ထပ်လောင်းဖော်ပြအပ်သည်။ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့်ကိစ္စဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ၎င်းတို့၏ ဆန္ဒအလျောက်၊ လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ခင်မင်ရင်းနှီးသည့် မိတ်ဆွေနိုင်ငံများနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနှင့်စပ်လျဉ်း၍ ၁၅-၈-၂၀၂၆ ရက်တွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကြိုးပမ်းမှုများအပေါ် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိ အခြေအနေမှန်များကို အသိအမှတ်ပြုခြင်းမရှိဘဲ နိုင်ငံအချို့၏ နိုင်ငံရေးလှုံ့ဆော်မှုအရ ထုတ်ပြန်သည့်ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများအပါအဝင် သတင်းဖော်ပြချက်များကို မြန်မာနိုင်ငံက ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်**



## အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးကုသိပ္ပံသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ ၁၁၇ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဒီပလိုမာလက်မှတ်နှင့် အလုပ်ခန့်အပ်လွှာများပေးအပ်နိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးတွင် မွေးမြူရေးကဏ္ဍဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ရေးကြိုးပမ်းရာ၌ ကျေးလက်ဒေသအထိ ကွင်းဆင်းဝန်ဆောင်မှုပေးနိုင်သည့် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးဆိုင်ရာ ကျွမ်းကျင်သူများ တိုးပွားလာစေရန် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ တက်ရောက်နိုင်သည့် တိရစ္ဆာန်ဆေးကုသိပ္ပံပညာကို စာတွေ့ကိုးလ၊ လက်တွေ့သုံးလဖြင့် တစ်နှစ်သင်တန်းကို ၂၀၂၄ ခုနှစ်မှ စတင်ဖွင့်လှစ်ပေးလျက်ရှိသည်။

သင်တန်းအပတ်စဉ်(၁)နှင့် သင်တန်းအပတ်စဉ်(၂)အထိ သင်တန်းသား သင်တန်းသူ ၁၁၇ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့၍ ဒီပလိုမာလက်မှတ်နှင့် အလုပ်ခန့်အပ်လွှာများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု ၂၀၂၆ခုနှစ်တွင် ဖွင့်လှစ်သည့် သင်တန်းအပတ်စဉ်(၃)တွင် သင်တန်းသား သင်တန်းသူ ၆၂ ဦး တက်ရောက်သင်ယူ လေ့လာလျက်ရှိကြကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်တို့နှင့်အတူ အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးကုသိပ္ပံ သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းပြီးဆုံးပါက တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေးဆိုင်ရာအတတ်ပညာ ကျွမ်းကျင်သည့်ပညာရှင်ဝန်ထမ်းများအဖြစ် နိုင်ငံ့တာဝန်ထမ်းဆောင်ပြီး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းသွားကြရန် အားပေးစကားပြောကြားသည်။

ထို့ပြင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအနီးရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျဉ်းမပင်မွေးမြူရေးခြံများနယ်မြေ၊ နို့စားနွားမွေးမြူရေးအသုံးချ သုတေသနနှင့်သရုပ်ပြခြံအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်အစာပင် မျိုးထိန်းမျိုးပွားခြင်း၊ ရိတ်သိမ်းသိုလှောင်မှုနှင့် ရေပေးသွင်းစိုက်ပျိုးမှုစနစ်မှန်ကန်ရေး၊ ဌာနပိုင်ခြံများ မြေလပ်များကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး စနစ်တကျစီမံခန့်ခွဲရန် နည်းလမ်းများ၊ ဒေသစားသုံးမှု ဖူလုံပို လျှံရေးအတွက် အသားတိုး နွားမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဌာနနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ တိရစ္ဆာန်အစာပင်များ စိုက်ပျိုးထားရှိမှုများနှင့် ဌာနပိုင်မြေနေရာများ အသုံးပြုထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင် အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ် ဆတ်ဖော်လ်ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ရုရှားအရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ် နယ်မြေရှိ အဆောက်အအုံ၌ရုရှား-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင် အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ်ဆတ်ဖော်လ် ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။(**အောက်ပုံ**)

တွေ့ဆုံစဉ် အာဆီယံနှင့်ရုရှားနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် အချက်အချာနေရာတွင်တည်ရှိသည့် မြန်မာနိုင်ငံကိုရွေးချယ်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ စက်မှုကဏ္ဍတွင် နည်းပညာမြင့် Robotic ဆိုင်ရာ လုပ်ငန်းများနှင့် ဒီဂျစ်တယ် နည်းပညာသုံးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားနိုင်ရေး၊ ဒီဂျစ်တယ် နည်းပညာဖြင့် ဘဏ်လုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ Online ကုန်သွယ်မှုလုပ်ငန်း ကဏ္ဍနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးနှင့်လူမှုစီးပွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံသွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ RADIO SPUTNIK နှင့် တွေ့ဆုံမေးမြန်းခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။

**သတင်းစဉ်**



# စိုက်ပျိုးရေးနည်းပညာအခြေခံ စက်မှုလယ်ယာစနစ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး မျှော်မှန်းချက်

**လူသားမျိုးနွယ်တို့၏ ရှင်သန်ရပ်တည်ရေး သမိုင်းကြောင်းတစ်လျှောက်တွင် စိုက်ပျိုးရေးကဏ္ဍသည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသော ကဏ္ဍကြီး တစ်ခုအဖြစ် အမြဲတစေ ရပ်တည်ခဲ့ပါသည်။ တစ်စတစ်စ တိုးပွားလာသော ကမ္ဘာ့လူဦးရေနှင့်အတူ အစားအစာလိုအပ်ချက်သည်လည်း ဂျီဩမေထရီ ကိန်းအလား တိုးတက်လျက်ရှိရာ ယနေ့ခေတ် ၂၁ ရာစုတွင် စားနပ်ရိက္ခာဖူလုံမှုဟူသော ပုစ္ဆာသည် ကမ္ဘာ့ခေါင်းဆောင်များနှင့် သိပ္ပံပညာရှင်များ ရင်ဆိုင် ဖြေရှင်းနေရသည့် ကြီးမားသော စိန်ခေါ်မှုကြီးဖြစ်လာပါသည်။**

**မောင်မန်းညို (မဟာဝိဇ္ဇာ)**

ရိုးရာစိုက်ပျိုးရေးနည်းစနစ်များ၊ ရာသီဥတုကို အကြွင်းမဲ့ အမှီပြုနေရသည့် စိုက်ပျိုးထုတ်လုပ်မှု ပုံစံများသည် ယနေ့ခေတ်၏ ပြင်းထန်လှသော လူဦးရေဖိအားနှင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို မခံနိုင်တော့သည်မှာ ထင်ရှားလှပါသည်။

ထို့ကြောင့် ယနေ့ခေတ်တွင် စက်မှုကိရိယာများကို အသုံးပြုသည့် စက်မှုလယ်ယာစနစ် သပ်သပ်ထက် ပိုမိုလွန်ကဲသော အဆင့်မြင့်ဇီဝနည်းပညာနှင့် ဂေဟစနစ်သိပ္ပံပညာရပ်များအပေါ် အခြေခံထားသည့် **“စိုက်ပျိုးရေးနည်းပညာ အခြေခံစက်မှုလယ်ယာစနစ်”**ကို ဖော်ဆောင်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။ ဤစနစ်သည် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးရုံသာမက သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကာ သက်ရှိသတ္တဝါတို့၏ ဂေဟစနစ်မျှခြေကိုလည်း မပျက်စီးအောင် စောင့်ရှောက်နိုင်သည့် တစ်ခုတည်းသော ရေရှည်တည်တံ့ခိုင်မြဲမည့် လမ်းညွှန်ချက် ဖြစ်ပေသည်။

### အပင်ဇီဝနည်းပညာ၏ အခန်းကဏ္ဍ

စိုက်ပျိုးရေးနည်းပညာအခြေခံ စက်မှုလယ်ယာစနစ်၏ အဓိကမောင်းနှင်အားတစ်ခုမှာ အပင်ဇီဝနည်းပညာဖြစ်ပါသည်။ အပင်ဇီဝနည်းပညာဆိုသည်မှာ သက်ရှိအပင်များ သို့မဟုတ် ၎င်းတို့၏ ဆဲလ်အစိတ်အပိုင်းများကို ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်၍ လူသားတို့အတွက် အကျိုးရှိမည့် ရလဒ်များ ထွက်ပေါ်လာစေရန် ပြုပြင်ဖန်တီးသော သိပ္ပံပညာရပ် ဖြစ်ပါသည်။ ဤပညာရပ်သည် စက်မှုလယ်ယာစနစ်အတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် **“စံပြမျိုးစေ့”** များကို ထောက်ပံ့ပေးပါသည်။

မျိုးဗီဇပြုပြင်ခြင်းနည်းပညာဖြင့် ဖန်တီးထားသော သီးနှံများသည် ဖျက်ပိုးမွှားဒဏ်ခံနိုင်ခြင်း၊ မိုးခေါင်ရေရှားမှုနှင့် ရေကြီးရေလျှံမှုဒဏ်ခံနိုင်ခြင်း စသည့် ထူးခြားသော အရည်အသွေးများရှိကြပါသည်။ ဥပမာအားဖြင့် ဗီတာမင်အေ ချို့တဲ့မှုကို ကာကွယ်ပေးနိုင်သည့် ရွှေရောင်ဆန်ကဲ့သို့သော အာဟာရတန်ဖိုးမြှင့် သီးနှံများသည် လူသားတို့၏ ကျန်းမာရေးကို များစွာအထောက်အကူပြုပါသည်။ ထို့ပြင် တစ်သျှုး ယဉ်ကျေးမှုနည်းပညာအားဖြင့် ရောဂါကင်းစင်ပြီး ဗီဇတူညီသော အပင်ပေါက် သန်းပေါင်းများစွာကို ခေတ်ခွဲခန်းအတွင်း တစ်ပြိုင်နက်တည်း မွေးမြူထုတ်လုပ်နိုင်ခြင်းကြောင့် စက်မှုလယ်ယာစနစ်ဖြင့် ကွင်းကျယ်စိုက်ပျိုးရာတွင် တစ်ပြေးညီ အဆင်ပြေစေပါသည်။ ဤအချက်များသည် အပင်ဇီဝနည်းပညာ၏ အရေးပါမှုကို သတိပြုမိစေမည်ဖြစ်ပါသည်။

### သက်ရှိသတ္တဝါများအတွက် အကျိုးပြုမှုနှင့် ဂေဟစနစ်မျှခြေ

ခေတ်သစ်စိုက်ပျိုးရေးစနစ်သည် နည်းပညာကို အလွန်အကျွံအားကိုးခြင်းဖြင့် သဘာဝတရားကို လျစ်လျူရှု၍ မရနိုင်ပေ။ သဘာဝပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များ၊ အင်းဆက်များနှင့် အဏုဇီဝပိုးမွှားများ၏ အပြန်အလှန်အကျိုးပြုမှုသည် သီးနှံထုတ်လုပ်မှုဖြစ်စဉ်တစ်ခုလုံးအတွက် မရှိမဖြစ် လိုအပ်ပါသည်။ ဥပမာအားဖြင့် ပျား၊ လိပ်ပြာနှင့် ငှက်ကဲ့သို့သော ဝတ်မှုန်ကူးပေးသည့် သတ္တဝါများသည် ကမ္ဘာ့သီးနှံများ၏ ၇၅ ရာခိုင်နှုန်းကျော်ကို မျိုးပွားနိုင်ရန် ကူညီပေးလျက်ရှိပါသည်။ ယင်းတို့မရှိပါက လူသားတို့ အဓိကမှီခိုနေရသော သီးနှံနှင့် သစ်တောများ ပြုန်းတီးသွားမည်ဖြစ်ပါသည်။

**“သဘာဝတရား၏ နိယာမအရ သက်ရှိဟူသမျှသည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေကြပါသည်။ ဂေဟစနစ်၏ ကွင်းဆက်တစ်ခု ပြတ်တောက်သွားပါက ယင်း၏ အကျိုးဆက်သည် ကမ္ဘာ့စားနပ်ရိက္ခာ ကွင်းဆက်တစ်ခုလုံးကို တုန်လှုပ်သွားစေနိုင်ပါသည်။”**

ထို့အတူ မြေဆီလွှာအတွင်းရှိ တီကောင်များနှင့် အဏုဇီဝရပ်ကမ္ဘာသည်လည်း သေဆုံးသွားသော အပင်နှင့် တိရစ္ဆာန်ရုပ်ကြွင်းများကို ဆွေးမြည့်စေပြီး မြေဆီလွှာအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များ ဖြစ်လာအောင် ပြောင်းလဲပေးသည့် သဘာဝသန့်ရှင်းရေးသမားများနှင့် မြေဆွေး၊ မြေဩဇာ စက်ရုံများဖြစ်ကြပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနည်းပညာ အခြေခံစက်မှုလယ်ယာစနစ်သည် ဤသက်ရှိသတ္တဝါများ ရှင်သန်ပေါက်ပွားနိုင်မည့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အထူးတာဝန်ရှိပေသည်။ ခေတ်သစ်စိုက်ပျိုးရေးစနစ်နည်းပညာကို အလေးထားလျက် သဘာဝတရားကို လျစ်လျူမရှုသည့် နည်းပညာနှင့် သဘာဝတရား ညီညွတ်မျှတစေသည့် စနစ်ဖြစ်ပါသည်။

### မြေဆီလွှာကျန်းမာရေးနှင့် မြေဩဇာဆိုင်ရာ စီမံခန့်ခွဲမှု

လယ်ယာစိုက်ပျိုးရေးတွင် မြေဆီလွှာသည် **အသက်သွေးကြောဖြစ်ပါသည်။ စက်မှုလယ်ယာစနစ် ထွန်းကားလာသည်နှင့်အမျှ ကာလတိုအတွင်း အထွက်နှုန်း ကောင်းမွန်စေရန် ဓာတုမြေဩဇာများနှင့် စိုက်ပျိုးရေးဆေး(ပိုးသတ်ဆေး)များကို အလွန်အကျွံ သုံးစွဲခဲ့ကြပါသည်။ ယင်း၏ နောက်ဆက်တွဲရလဒ်အနေဖြင့် မြေဆီလွှာများ အက်စစ်ဓာတ်လွန်ကဲလာခြင်း၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုပိုးမွှားများ သေဆုံးကာ မြေကျစ်၊ မြေသေများဖြစ်လာခြင်း စသည့် ဘေးထွက်ဆိုးကျိုးများကို ရင်ဆိုင်ရပါသည်။ ထို့ပြင် ဓာတ်သတ္တုထုတ်လုပ်ရေး၊ မွေးမြူရေးဇုန်၊ စက်ရုံ/အလုပ်ရုံ၊ ဆေးရုံတို့မှ စွန့်ပစ်သော ရေဆိုးများ၊ စိုက်ပျိုးရေးလုပ်ငန်းမှ အကြောင်းအမျိုးမျိုးဖြင့် မြေ/ရေအတွင်း စိမ့်ဝင်လာသော ဓာတုဆေးကြွင်းများ၊ ဓာတုပစ္စည်းများသည် မြစ်ချောင်းများအတွင်းသို့ စီးဝင်ကာ ရေထုညစ်ညမ်းမှုကိုဖြစ်စေပြီး ရေနေသတ္တဝါများကိုပါ ပျက်စီးစေပါသည်။**

နည်းပညာအခြေခံ စက်မှုလယ်ယာစနစ်တွင်မူ ဇီဝမြေဩဇာနှင့် သဘာဝမြေဩဇာတို့ကို အဆင့်မြင့်နည်းပညာများဖြင့် အချိုးကျပေါင်းစပ်အသုံးပြုကြပါသည်။ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို ကာဗွန်-နိုက်ထရိုဂျင် အချိုးကို စနစ်တကျညှိနှိုင်း၍ အကျိုးပြုဗက်တီးရီးယားများဖြင့် နှပ်ထားသော သဘာဝမြေဩဇာများသည် မြေဆီလွှာ၏ဖွဲ့စည်းပုံကို ရေရှည်ကောင်းမွန်စေပါသည်။ မြေဆီလွှာကျန်းမာမှသာ အပင်များ အမြစ်တွယ်အားကောင်းပြီး ရောဂါဒဏ်ကို ခံနိုင်ရည်ရှိမည် ဖြစ်ပါသည်။

### ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနှင့် ဆက်စပ်မှု

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ သတ်မှတ်ချက်အရ စားနပ်ရိက္ခာဖူလုံမှု (Food Security) ဆိုသည်မှာ **“လူတိုင်း၊ အချိန်တိုင်းတွင် ကျန်းမာတက်ကြွသော ဘဝကို ဖြတ်သန်းနိုင်ရန်အတွက် ဘေးကင်း၍ အာဟာရပြည့်ဝသော အစားအစာကို စီးပွားရေးအရရော ရုပ်ပိုင်းဆိုင်ရာအရပါ လက်လှမ်းမီရရှိနိုင်ခြင်း”** ဖြစ်ပါသည်။ ဤရည်မှန်းချက် အောင်မြင်စေရေးအတွက် ကျွန်ုပ်တို့သည် ထုတ်လုပ်မှုစွမ်းအား မြင့်မားရန် လိုအပ်သကဲ့သို့ ယင်းထုတ်လုပ်မှုသည်လည်း ရေရှည်တည်တံ့မှုရှိရမည် ဖြစ်ပါသည်။

စိုက်ပျိုးရေးနည်းပညာအခြေခံ စက်မှုလယ်ယာစနစ်သည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် အောက်ပါအတိုင်း အဓိကပံ့ပိုးပေးပါသည် –

- **အလေအလွင့် လျှော့ချခြင်း။** ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ခေတ်မီစက်ကိရိယာများကြောင့် သီးနှံများ လေလွင့်ဆုံးရှုံးမှုကို အနည်းဆုံးအဆင့်သို့ လျှော့ချပေးနိုင်ပါသည်။
- **အချိန်နှင့် လုပ်အားကို ချွေတာခြင်း။** ထွန်ယက်စိုက်ပျိုးခြင်းမှသည် ရိတ်သိမ်းခြွေလှေ့ ခြင်းအထိ စက်မှုလယ်ယာစနစ်ကို အသုံးပြုခြင်းကြောင့် လုပ်အားရှားပါးမှုကို ဖြေရှင်းနိုင်ပြီး တစ်နှစ်လျှင် သီးနှံနှစ်ကြိမ်၊ သုံးကြိမ်အထိ အချိန်မီ စိုက်ပျိုးနိုင်ပါသည်။
- **အရည်အသွေးမြင့်မားခြင်း။** ဇီဝနည်းပညာဖြင့် ထုတ်လုပ်ထားသော သီးနှံများသည် သိုလှောင်မှုဒဏ်ခံနိုင်ရည်ရှိသဖြင့် ဝေးလံသော ဒေသများသို့ ကမ္ဘာ့စားနပ်ရိက္ခာ ဖြန့်ဖြူးရေး ကွင်းဆက်အတိုင်း ဘေးကင်းစွာ ပို့ဆောင်နိုင်ပါသည်။

### စနစ်များ၏ ဟန်ချက်ညီ ချိတ်ဆက်မှု သံသရာ




ယခု တင်ပြချက်များသည် သီးခြားစီ တည်ရှိနေကြသည်မဟုတ်ဘဲ ဆက်စပ်နေသော ဂေဟစနစ် သံသရာစက်ဝန်းကြီးတစ်ခု ဖြစ်ပါသည်။ လူသားတို့က ပတ်ဝန်းကျင်ကို ထိန်းသိမ်းသောအခါ ရာသီဥတုမျှတလာပါသည်။ ရာသီဥတုမျှတသောအခါ ဝတ်မှုန်ကူးပေးသည့် သတ္တဝါများနှင့် မြေဆီလွှာအောက်ရှိ အဏုဇီဝပိုးမွှားများ စိတ်ကြိုက်ရှင်သန်ပွားများ ခွင့်ရပါသည်။ သဘာဝမြေဩဇာစနစ်နှင့် ဇီဝနည်းပညာတို့ ပေါင်းစပ်လိုက်သောအခါ မြေဆီလွှာသည် သာမန်ထက်

*စာမျက်နှာ ၇ သို့*

> ❝ လယ်ယာစိုက်ပျိုးရေးတွင် မြေဆီလွှာသည် အသက်သွေးကြောဖြစ်ပါသည်။ စက်မှုလယ်ယာစနစ် ထွန်းကားလာသည်နှင့်အမျှ ကာလတိုအတွင်း အထွက်နှုန်း ကောင်းမွန်စေရန် ဓာတုမြေဩဇာများနှင့် စိုက်ပျိုးရေးဆေး(ပိုးသတ်ဆေး)များကို အလွန်အကျွံ သုံးစွဲခဲ့ကြပါသည်။ ယင်း၏ နောက်ဆက်တွဲရလဒ်အနေဖြင့် မြေဆီလွှာများ အက်စစ်ဓာတ်လွန်ကဲလာခြင်း၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုပိုးမွှားများ သေဆုံးကာ မြေကျစ်၊ မြေသေများဖြစ်လာခြင်း စသည့် ဘေးထွက်ဆိုးကျိုးများကို ရင်ဆိုင်ရပါသည်။ ထို့ပြင် ဓာတ်သတ္တုထုတ်လုပ်ရေး၊ မွေးမြူရေးဇုန်၊ စက်ရုံ/အလုပ်ရုံ၊ ဆေးရုံတို့မှ စွန့်ပစ်သောရေဆိုးများ၊ စိုက်ပျိုးရေးလုပ်ငန်းမှ အကြောင်းအမျိုးမျိုးဖြင့် မြေ/ရေအတွင်းစိမ့်ဝင်လာသော ဓာတုဆေးကြွင်းများ၊ ဓာတုပစ္စည်းများသည် မြစ်ချောင်းများအတွင်းသို့ စီးဝင်ကာ ရေထုညစ်ညမ်းမှုကိုဖြစ်စေပြီး ရေနေသတ္တဝါများကိုပါ ပျက်စီးစေပါသည် ❞

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ည ၆ နာရီတွင် ရန်ကုန်မြို့ Melia Hotel ရှိ Grand Ballroom ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး ကြိုဆို နှုတ်ဆက်ကြသည်။




ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ (ဓာတ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ အခြေစိုက်နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စား လှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော် များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ ရှေ့ဖုံးမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား အလှူငွေနှင့် စားသောက်ကုန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုးနှင့် တာဝန်ရှိသူများက ထိုသို့သွားရောက် ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ယခုလှူဒါန်းမှုသည် နီပေါပြည်သူများအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ လူသားချင်းစာနာထောက်ထားမှုအရ ကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင် မည်ဟု မျှော်လင့်ပါကြောင်း၊ သဘာဝဘေးသင့် ပြည်သူများ အမြန်ဆုံးပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိ စေရေး ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင် ဆန်းသစ်မှုဝန်ကြီးဌာနဝန်ကြီးက မြန်မာနိုင်ငံတော် အစိုးရနှင့် ပြည်သူများ၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးပေးမှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ ကူညီ ထောက်ပံ့မှုများကို သဘာဝဘေးသင့်ပြည်သူများ အတွက် ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး က နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဝန်ကြီးဌာနဝန်ကြီးထံ လှူဒါန်းငွေ အမေရိကန် ဒေါ်လာ ငါးသိန်းနှင့် ပဲ ရှစ်တန်ကို လွှဲပြောင်းပေးအပ် သည်။

အဆိုပါ ပေးအပ်လှူဒါန်းမှုတွင် မတ်ပဲ ငါးတန် နှင့် ကုလားပဲ သုံးတန်တို့ပါဝင်ပြီး နီပေါနိုင်ငံမှ သဘာဝဘေးသင့်ပြည်သူများ၏ အရေးပေါ်လိုအပ် ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကယ်ဆယ် ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပေးအပ်ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်သည့်အခါ နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အခြေခံမှုများနှင့်အညီ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်လျက် ရှိပြီး နိုင်ငံများအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီး မှုနှင့် လူသားချင်းစာနာမှု ပိုမိုခိုင်မာစေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ **သတင်းစဉ်**

## မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် ဖွင့်လှစ်မည့် သင်တန်းများအတွက် သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း အမှတ်စဉ်(၂)၊ ၃ လသင်တန်းများဖြစ်သော ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံသသင်တန်းနှင့် တံဆိပ်ရိုက် သင်တန်းများကို ၇-၉-၂၀၂၆ ရက်မှ ၇-၁၂-၂၀၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။

၂။ အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိသူဖြစ်ရမည်။

၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

၅။ သင်တန်းကာလအတွင်း ကျောင်းမှချမှတ်ထားသော စည်းကမ်းများကို လေးစားလိုက်နာ နိုင်ရမည်။

၆။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

၇။ ပညာအရည်အချင်းနှင့်သင်ကြားပေးမည့်ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **သင်တန်းအမည်** | **ပညာအရည်အချင်း** | **ဘာသာရပ်များ** |
|---|---|---|
| (၁) ကွန်ပျူတာသင်တန်း | အထက်တန်း | Microsoft word ၊ Microsoft Excel ၊ Power Point ၊ Adobe Pagemaker 7.0၊ Photo Shop |
| (၂) စက်ချုပ်သင်တန်း | အလယ်တန်း | အခြေခံစက်နင်းခြင်း၊ Pattern ဆွဲနည်း/ ထုတ်နည်း၊Blouse အင်္ကျီအမျိုးမျိုး၊ ချိတ်ထဘီနှင့် ကျားရုပ်အင်္ကျီချုပ်နည်း |
| (၃) ဆံသသင်တန်း | မူလတန်း | အမျိုးသားနှင့် အမျိုးသမီးဆံပင် ပုံစံမျိုးစုံ ညှပ်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆေးဆိုး၊ ဆံပင်ဖြောင့်/ကောက်၊ မျက်နှာနှင့်ဆံပင် ပေါင်းတင်ခြင်းနှင့် နားဖောက်ခြင်း |
| (၄) တံဆိပ်ရိုက်သင်တန်း | မူလတန်း | ဒီဇိုင်းဘောင်ပြုလုပ်ခြင်း၊ ဆေးစပ်ခြင်း၊ အင်္ကျီတံဆိပ်ရိုက်ခြင်း၊ အင်္ကျီစတေကာ ပြုလုပ်ခြင်း၊ ဖန်ခွက်တံဆိပ်ရိုက်ခြင်း၊ မှန်ပန်းချီပြုလုပ်ခြင်း |

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ

၂။ အိမ်ထောင်စုဇယားမိတ္တူ

၃။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ

၄။ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက် မူရင်း

၅။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်

၆။ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ် (ပုံစံ-၁၂)

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံ ကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း စားသောက် နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ်- ၀၆၇-၄၀၄၂၅၂ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

*စာမျက်နှာ ၆ မှ*

ပိုမိုအာဟာရဓာတ် ပြည့်ဝလာပြီး ကျန်းမာသန်စွမ်း သော အရည်အသွေးပြည့်ဝသည့် သီးနှံများကို ဖြစ်ထွန်းစေပါသည်။ ထိုမှတစ်ဆင့် ကမ္ဘာ့စားနပ် ရိက္ခာဖူလုံမှုကို ရရှိစေကာ လူသားမျိုးနွယ်တို့၏ ရေရှည်တည်တံ့သောဘဝကို ကာကွယ်ပေးနိုင်ခြင်း ဖြစ်ပါသည်။

### အကြံပြုချက်

အတိတ်ကာလ စက်မှုလယ်ယာစနစ်သည် သဘာဝတရားကို ကျော်လွန်လွှမ်းမိုးရန် ကြိုးပမ်းခဲ့ ကြသဖြင့် ရေရှည်တွင် ကမ္ဘာကြီးကို ပျက်စီးခြင်းဆီသို့ ဦးတည်စေခဲ့ပါသည်။ သို့သော် ယနေ့ခေတ်တွင် လူသားတို့ လျှောက်လှမ်းရမည့် လမ်းကြောင်းမှာ "သဘာဝတရားနှင့် နည်းပညာကို ပေါင်းစပ်ခြင်း (သို့မဟုတ်) စိုက်ပျိုးရေး နည်းပညာအခြေခံစက်မှု လယ်ယာစနစ်" သာဖြစ်သည်။ စိုက်ပျိုးရေး နည်းပညာအခြေခံ စက်မှုလယ်ယာစနစ်သည် ခေတ်မီစက်ကိရိယာများ၏ မြန်ဆန်ထိရောက်မှုကို အသုံးပြုသကဲ့သို့ အပင်ဇီဝနည်းပညာ၏ အဆင့်မြင့်မားမှုကိုလည်း လက်ခံကျင့်သုံးပြီး ဂေဟစနစ်နှင့် မြေဆီလွှာကို တန်ဖိုးထားထိန်းသိမ်းသည့် စနစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်ခုအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေး ကဏ္ဍတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင် ရေးနှင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးစီးပွားကို မြှင့်တင်နိုင် ရေးအတွက် ရိုးရာစိုက်ပျိုးရေးစနစ်သည် အပင်ဇီဝ နည်းပညာ အခြေခံစက်မှုလယ်ယာစနစ်သို့ အရှိန် အဟုန်ဖြင့် ကူးပြောင်းကြရမည်ဖြစ်ပါသည်။ ထိုသို့ ကူးပြောင်းရာတွင်လည်း ပတ်ဝန်းကျင်နှင့် သက်ရှိ သတ္တဝါတို့၏ အကျိုးပြုမှုကို မမေ့မလျော့ဘဲ ဟန်ချက်ညီညီ ထိန်းသိမ်းမောင်းနှင်သွားကြရမည် ဖြစ်ပါကြောင်း လေးနက်စွာ တိုက်တွန်းဆန်းစစ် တင်ပြလိုက်ရပါသည်။ ။

■ ■ ■

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသင်တန်းကျောင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

မန္တလေးငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒက္ခိဏသီရိမြို့နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သင်တန်းကျောင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစား ပြန်လည်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသင်တန်းကျောင်း ပြုပြင်ပြီးစီးမှု အခြေအနေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ ဦးခင်လတ်ကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လာမည့်ဘဏ္ဍာနှစ်တွင် သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ကောင်းမွန်စွာသိရှိနားလည်၍ စွမ်းဆောင်ရည် မြင့်မားလာစေရေး၊ ရာထူးအဆင့်လိုက် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ သိရှိနားလည်စေရေး၊ ရုံးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝန်ထမ်းရေးရာ စည်းမျဉ်း၊ စည်းကမ်းများ သိရှိနားလည်စေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့အတူ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစား ပြုပြင်တည်ဆောက်နေမှု၊ မဏိရတနာ ကျောက်စိမ်းခန်းမ ခန်းမအဝင် ပြင်ဆင်ထားရှိမှု၊ မြန်မာ့ကျောက်မျက် ရတနာပြပွဲအတွက်



ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောက်စိမ်းဥယျာဉ် အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ချင်းပြည်နယ် တီးတိန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







# ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် ရုရှား-အာဆီယံ စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်သည် စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ D ၌ ကျင်းပသည့် ရုရှား-အာဆီယံ စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Sergey Katyrin က ဆောင်ရွက်ပြီး DNS Group တည်ထောင်သူ၊ အရှေ့ဖျားဒေသနှင့်အာတိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရုရှားဖက်ဒရေးရှင်း၏ ဒုတိယဝန်ကြီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီး၊ AFC “Sistema” ၏ ဒုတိယဥက္ကဋ္ဌ၊ ကမ္ဘောဒီးယားနိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီး၊ PJSCv “DVMP”(FESCO)၏ လိုင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဌာနခွဲ၏ ဒုတိယ အထွေထွေညွှန်ကြားရေးမှူးတို့က ရုရှား-အာဆီယံ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က မြန်မာနိုင်ငံအနေဖြင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ထားရှိမှု၊ နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သည့် ဒီဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အဦများ၊ ဒီဂျစ်တယ်လုံခြုံရေး၊ Smart City ဆိုင်ရာအခြေခံအဆောက်အဦများ၊ ဒီဂျစ်တယ်အစိုးရနှင့် ပြည်သူဗဟိုပြု ဒီဂျစ်တယ်ဝန်ဆောင်မှုများ၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍများတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုမှု၊ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ပထမဆုံးသော Cyber City တစ်ခု တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရန် ဖိတ်ခေါ်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တနိုင်းမြို့နယ်၌ စိုက်ပျိုးရေးအသိပညာပေး အလုပ်ရုံဆွေးနွေး

**တနိုင်း စက်တင်ဘာ ၂**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ နွေစပါးနှင့် သီးထပ်သီးညှပ်စိုက်ပျိုးမည့်တောင်သူများ စိုက်ပျိုးရေးအသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုန်ခုန်းကောင်းရပ်ကွက် ဟူးကောင်းခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးကောင်းစံလင်းက စားရေရိက္ခာဖူလုံရေး နွေစပါးနှင့် သီးထပ်သီးနှံစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူးက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက နွေစပါးစိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးရေး အသိပညာပေးဆွေးနွေးပြီး တောင်သူများအား မြေပဲ၊ ဆီမုန်ညင်း၊ ဆီပဲပုပ်သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**※ *ရှေ့ဖုံးမှ***

ထို့ကြောင့် အဆိုပါကျေးရွာမှ ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများကို ကလေးမြို့ မြို့တော်ခန်းမနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့၌ ယာယီရေဘေးရှောင်စခန်းများဖွင့်လှစ်၍ ရွှေ့ပြောင်းပေးလျက်ရှိပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**စနစ်တကျ စုဖွဲ့စောင့်ကြည့်လျက်ရှိ**

ထို့ပြင် ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့ မွန်းလွဲပိုင်းတွင် ခိုင်ကမ်းမြို့ရှိ ဆည်ကြီးချောင်းရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ရေတိုက်စား၍ ချောင်းကမ်းပါးပြိုကျကာ အမှတ်(၁)ရပ်ကွက်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ၎င်းအနီးရှိ နေအိမ်တစ်လုံး ရေစီးနှင့် မျောပါသွားခဲ့ကြောင်း သိရသည်။ အဆိုပါချောင်းရေကြီးမှုကြောင့် ခိုင်ကမ်းမြို့ပေါ်ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုမရှိကြောင်း၊ လူ၊ တိရစ္ဆာန် သေဆုံးထိခိုက်မှုမရှိကြောင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအဖွဲ့များက စနစ်တကျ စုဖွဲ့စောင့်ကြည့်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးအဆင့် (စတုတ္ထအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မိတ္ထီလာမြို့နယ် မိတ္ထီလာ-မြင်းခြံ ကားလမ်းဝဲယာတွင် ကျင်းပ

**မန္တလေး စက်တင်ဘာ ၂**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများမှ သစ်တောသစ်ပင်များ၏ တန်ဖိုးကို နားလည်မြတ်နိုးစေရန်နှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဖော်ဆောင်နိုင်ရေးအတွက်ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးအဆင့် (စတုတ္ထအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မိတ္ထီလာမြို့နယ်ရှိ လိန်တောကျေးရွာအုပ်စု မိတ္ထီလာ-မြင်းခြံ ကားလမ်းမိုင်တိုင်အမှတ် (၆/၀) မှ (၆/၁)ကြား ဝဲ/ယာတွင် ကျင်းပသည်။

သစ်ပင်စိုက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဦးဆောင်၍ သစ်ပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ပိတောက်၊ တမာ၊ စိန်ပန်း၊ ရင်းမာ၊ ဒဟတ်၊ ဖျောက်ဆိပ်၊ မယ်ဇယ်၊ မန်ကျည်း၊ ရေတမာ၊ သစ်ဖြူ စသည့်သစ်မျိုး ၁၀ မျိုး စုစုပေါင်း ၁၆၆၂ ပင်အား အတူတကွ စိုက်ပျိုးကြပြီး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**ကလေး စက်တင်ဘာ ၂**

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်၏ အထူးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဘဏ္ဍာငွေသာမက ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့် ဘုရားဆင်းတုတော်ပါမကျန် လူအား၊ ငွေအားနှင့် ပစ္စည်းအင်အားဖြင့် ပံ့ပိုးပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍမပါ ဌာနဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလျံ ၄၀ ကျော်ခန့် ကျသင့်မည်ဟု ခန့်မှန်းထားကြောင်း ယနေ့နံနက် ၁၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ဆွေးနွေးပြောကြားသည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို ဖလမ်းမြို့တွင် ၃၀ ရာခိုင်နှုန်း၊ တီးတိန်မြို့တွင် ၆၁ ရာခိုင်နှုန်း၊ တွန်းဇံမြို့တွင် ၄၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ယခုအခါ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့ရှိ ဆက်သွယ်ရေးစခန်းသုံးခုအတွက် ဆက်သွယ်ရေးပစ္စည်းများနှင့် ပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်စက်များလည်း ကလေးမြို့သို့ ရောက်ရှိလာပြီဖြစ်ပြီး သက်ဆိုင်ရာမြို့များသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းမှု၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်မှု၊ အခြေခံပညာကျောင်းများနှင့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေထားရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံပျက်စီးမှု၊ ထပ်မံကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ တစ်စိတ်တစ်ပိုင်းပြုပြင်ရန်လိုအပ်မှု၊ ဌာနဆိုင်ရာအဆောက်အအုံများ ပြုပြင်/ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ရွေးချယ်အတည်ပြုထားသော ကုမ္ပဏီများ၊ ပျက်စီးသွားသည့် ပုဂ္ဂလိကနေအိမ်များနှင့် ပတ်သက်၍ ထောက်ပံ့မှု၊ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆန်၊ ဆီ၊ ဆား၊ ပဲ အတွက် ငွေထောက်ပံ့မှု၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးရန်ပုံငွေ လက်ခံရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်စိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆွေးနွေး

**ပုသိမ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြီးနစ်မြုပ်မှုများမှ ကွင်းအလိုက် ရေပြန်ပေါ်သည့် ဧရိယာ၊ ဧက၊ တောင်သူတစ်ဦးချင်း၏ ပျက်စီးခဲ့သည့် စိုက်ဧက၊ ပြန်လည်စိုက်ပျိုးမည့် သီးနှံ၊ မျိုးစေ့နှင့် သွင်းအားစုလိုအပ်ချက်၊ ထွန်ယက်စိုက်ပျိုးမည့် အခြေအနေ၊ စိုက်ပျိုးရေရရှိမှု အခြေအနေနှင့် ပတ်သက်သည့် စာရင်းဇယားများ ကိန်းဂဏန်းအချက်အလက်များကို ကွင်းအလိုက် သက်ဆိုင်ရာဌာနများပါဝင်သည့်အဖွဲ့များ စုဖွဲ့၍ မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ကွင်းဆင်းကောက်ယူကြရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့ မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် လေးမျက်နှာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်စိုက်ဧကများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် မျိုးစေ့၊ သွင်းအားစုများနှင့် စက်သုံးဆီများ ပံ့ပိုးပေးနိုင်ရေး ကိစ္စရပ်များ၊ ရေကြီးနစ်မြုပ် စိုက်ဧကများအား စာရင်းများကောက်ယူ ဆောင်ရွက်နေမှု၊ မျိုးစေ့များရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ပြန်လည်စိုက်ပျိုးဆောင်ရွက်သွားမည့် အခြေအနေ၊ စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိမှု၊ စိုက်ပျိုးရေရရှိရေးအတွက် ရေတင်စက်များ၊ ဆိုလာရေတင်စနစ်များဖြင့် စိုက်ပျိုးရေရှိရေး ဆောင်ရွက်သွားမည့် အစီအမံများ ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့ နံနက်ပိုင်းကလည်း ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာတွင် တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းမိသားစုများကိုယ်စား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များကလည်းကောင်း၊ မြန်မာနိုင်ငံ သစ်တောထွက် ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များ အသင်းနှင့် ရွှေမိုးကုမ္ပဏီ လီမိတက်တို့ကလည်းကောင်း အလှူငွေများ လာရောက်လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဟိုပုံးမြို့နယ်၌ ပဲပုပ်စိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

**ဟိုပုံး စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပဲပုပ်သီးနှံစိုက်ခင်းများကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းနှင့် တာဝန်ရှိသူများက ပဲပုပ်သီးနှံ စိုက်ပျိုးထားရှိသည့် အခြေအနေ၊ အပင်များ၏ ကြီးထွားဖြစ်ထွန်းမှု၊ မြေဆီလွှာအခြေအနေ၊ ပိုးမွှားနှင့် ရောဂါကျရောက်မှု အခြေအနေများကို ကြည့်ရှုသည်။ ထို့နောက် ပဲပုပ်သီးနှံ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးပြည့်မီသည့် သီးနှံများ ထုတ်လုပ်နိုင်ရေးနှင့် ရာသီဥတုနှင့် ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို ပြောကြားသည်။



**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့ မြန်မာစံတော်ချိန် ၇ နာရီ၊ ၂၁ မိနစ်၊ ၅၅ စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင် - အနောက်တောင်ဘက် မိုင် ၂၀ ခန့်ကွာဝေးသော ပြည်တွင်း (စဉ့်ကိုင်မြို့၏ အနောက်ဘက် ၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၄ ဒီဂရီ၊ အနက် ၈ ကီလို မီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

**မိုး/ဇလ**

# မြို့ကလေးက မျှော်နေပါတယ် ...

တိုက်မောင်း

**စစ်တွေမြို့သည် ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ ပြည်နယ်မြို့တော်ပီပီ မြို့ပြ၏ ကြန်အင်လက္ခဏာများနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည်။ အထပ်မြင့်အဆောက်အအုံများ၊ နိုင်လွန်ကတ္တရာလမ်းများ၊ ကွန်ကရစ်လမ်းမများနှင့် မြို့တွင်းဥဒဟို ငြိမ့်ငြိမ့်ညောင်းညောင်း သွားလာနိုင်မှုမှာ မြို့ပြ၏အရသာကို ထိထိမိမိ ခံစားရစေသည်။**

လွန်ခဲ့သော ဆယ်နှစ်ကျော် ၂၀၁၆ ခုနှစ်က စစ်တွေမြို့ကို ကျွန်တော် ပထမဆုံးအကြိမ် ရောက်ခဲ့ဖူးသည်။ ထိုစဉ်က လမ်းမကြီးများ၊ လမ်းသွယ်များမှာ ယခုအချိန်လောက်ထိ မကောင်းသေး။ ကျင်း၊ ချိုင့်များနှင့်သာ။ ဆယ်စုနှစ်အတွင်း စစ်တွေမြို့မှာ အလျင်အမြန် တိုးတက်လာခဲ့ပုံရသည်။ ထိုစဉ်က ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်ခြင်း၊ View Point ဘက်သွား လှိုင်းပုတ်သံလေးများ နားထောင်ရင်း ပင်လယ်လေအေးအေးကို ရှူရှိုက်ခဲ့ရသည့် ခံစားမှုများကို ပြန်လည်သတိရမိသည်။

ယခုအခါ View Point အထိသွား၍ အဆင်မပြေသေးသော်လည်း ကမ်းနားလမ်းတစ်လျှောက် ညနေခင်းလမ်းလျှောက်၊ စက်ဘီးစီးရသည့်အရသာမှာ အရင်အတိုင်းဖြစ်သည်။ ဒေသခံရခိုင်တိုင်းရင်းသားများ အထူးပြုခေါ်ဝေါ်ကြသော Super Sunday ခေါ် တနင်္ဂနွေနေ့တွင် ရခိုင်ရိုးရာအသုပ်ဆိုင်များ၌ ဝိုင်းဖွဲ့စကားပြောကြ၊ ကိုယ်ပိုင်ယူလာကြသော Sound Box အသေးလေးများဖွင့်၍ သံတူလိုက်ဆိုကြခြင်း၊ အချို့လူငယ်အုပ်စုလေးများ အဖွဲ့လိုက် ဂစ်တာတီး၍ သီချင်းဆိုနေကြသည့် ပုံရိပ်များမှာ ကြည်နူးဖွယ်ကောင်းလေစွ။ တစ်ပတ်စာပင်ပန်းခဲ့သမျှ အတိုးချ၍ အပန်းဖြေနေကြသည်။

ယခုဆိုလျှင် ရခိုင်ပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် ကမ်းနားလမ်းရှိ မြေကွက်နေရာ ၀ ဒသမ ၄၁ ဧကကို ပြည်သူများ အပန်းဖြေနားနေနိုင်ရန်အတွက် ပန်းခြံနှင့် စားသောက်ဆိုင်အချို့တွဲလျက် နေရာတစ်ခုကို တည်ဆောက်ပေးနေရာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ကျွန်တော်စစ်တွေမြို့သို့ ပြောင်းရွှေ့လာကာစ ၂၀၂၆ ခုနှစ် နှစ်ဦးကာလတွင် လမ်းဘေး၌ ရေသန့်ဘူးဖြင့် တင်ရောင်းသည့် 92 Ron မှာ တစ်လီတာလျှင် ၂၈၀၀၀ ကျပ်ခန့်ရှိသည်။ ပြည်မဈေးထက် အဆမတန်ဈေးကြီးခဲ့သော်လည်း ယခုအခါတွင် ရခိုင်ပြည်နယ်အစိုးရသစ်၏ ကြိုးပမ်းအားထုတ်မှုကြောင့် စစ်တွေမြို့ မေယုလမ်းမကြီးပေါ်ရှိ Kyaw San (ကျော်ဇံ) ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ကို ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် တရားဝင် ပြန်လည်ဖွင့်လှစ် ရောင်းချနိုင်ခဲ့ပြီဖြစ်သည်။

အစိုးရဝန်ထမ်းများကို တစ်ပတ်လျှင် 92 Ron နှစ်လီတာနှုန်း၊ ပြည်သူများ၏ လိုင်စင်ရှိ မော်တော်ဆိုင်ကယ်ကို တစ်ပတ်လျှင် 92 Ron နှစ်လီတာနှုန်း၊ လိုင်စင်ရှိအိမ်စီးကားနှင့် သုံးဘီးဆိုင်ကယ်များကို တစ်ပတ်လျှင် 92 Ron ခြောက်လီတာနှုန်း၊ ပရီမီယံဒီဇယ်သုံး အိမ်စီးကားများကို တစ်ပတ်လျှင် နှစ်ဂါလန်နှုန်းနှင့် လိုင်စင်ရှိကားကြီးများကို တစ်ပတ်လျှင် ပရီမီယံဒီဇယ် ငါးဂါလန်နှုန်းဖြင့် နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

> **“ကမ်းလင့်လက်များက ကမ်းလှမ်းနေသကဲ့သို့ တွဲမည့်လက်များက မြန်မြန်ဆန်ဆန် တွဲဆက်ချိတ်မိလိုက်စေချင်ပါသည်။ သို့မှသာ ပြည်သူလူထု၏ နိစ္စဓူဝကြုံတွေ့နေရသော အခြေခံစားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုး /မွေးမြူရေးလုပ်ငန်းများ၊ မိမိတို့ရပ်ရွာဒေသများသို့ ပြန်လည်အခြေချ နေထိုင်နိုင်ရေးကိစ္စများ ယခင်လို နေသားကျပြန်လည်ရရှိလာမည်မှာ မုချကေန် အမှန်တရားပင် မဟုတ်ပါလား”**

စစ်တွေမြို့ပြည်သူများ၏ စက်သုံးဆီ ဈေးကြီးကြီးပေး၍ အသုံးပြုနေရသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ဖြေလျှော့ပေးလိုက်နိုင်မှုအတွက် ရခိုင်ပြည်နယ် အစိုးရသစ်၏ ကြိုးပမ်းအားထုတ်မှုကို ကွက်ကွက်ကွင်းကွင်း မြင်သာစေသည်။ ထို့ပြင် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်အတွက် 500 KVA နှင့် 300 KVA ဒီဇယ်မီးစက်များကို ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့က ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိလာပြီဖြစ်သည်။

ယခင် မြို့တွင်းလမ်းများ၊ အစိုးရဌာနဆိုင်ရာ အဆောက်အအုံများနှင့် အရေးကြီးနေရာများကို ဆိုလာစနစ်ဖြင့် မီးပေးခဲ့ရာမှ ပြည်သူလူထုထံသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ရာ စစ်တွေမြို့နေပြည်သူများ၏ အဓိကအခက်အခဲဖြစ်နေသော လောင်စာ(ထင်း) ရှားပါးမှုပြဿနာကို အတော်အသင့် ဖြေရှင်းပေးနိုင်တော့မည်ဖြစ်သည်။ အဆိုပါကိစ္စ ဖြေရှင်းနိုင်မှုမှာ နတ်လူသာဓုခေါ်ဆိုရမည့် ကိစ္စပင် ဖြစ်သည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးခက်ခဲနေသောကြောင့် လူသုံးကုန်ပစ္စည်းများ၊ အထူးသဖြင့် စားသောက်ကုန်များ လိုအပ်သည်ထက် ဈေးကြီးနေသော စစ်တွေမြို့နေပြည်သူများ၏ နိစ္စဓူဝဒုက္ခများကို တစ်ပိုင်တစ်နိုင် ဖြေရှင်းသည့်အနေဖြင့် ရန်ကုန်မြို့မှ ကြက်ဥ၊ ကြက်သွန်နီ၊ အာလူးများကို သင်္ဘောများဖြင့် သယ်ယူပြီး ဝန်ထမ်းများနှင့် ပြည်သူလူထုသို့ မြို့ရှိ ပေါက်ဈေးထက် လျှော့ပေါ့၍ ရောင်းချနေမှုများကိုလည်း ဝမ်းသာစရာမြင်တွေ့နေရပါပြီ။

မြို့ပြနေ ပြည်သူလူထုအတွက် ရေရှည် ကုန်ဈေးနှုန်းကို ထိန်းညှိနိုင်ရန်အလို့ငှာ နို့စားနွား မွေးမြူရေးလုပ်ငန်း၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းကိုလည်း စတင်အကောင်အထည်ဖော်ဆောင်နေကြောင်း သတင်းများလည်း ကြားသိနေရပါပြီ။ အစိုးရ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထု သုံးဦးသုံးဖလှယ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက စစ်တွေမြို့ရှိ အခက်အခဲဖြစ်နေသော လောင်စာကိစ္စရပ်များ၊ လျှပ်စစ်မီးရရှိရေး၊ အခြေခံကုန်ဈေးနှုန်းများ ပုံမှန်အတိုင်းဖြစ်လာစေရေးတို့မှာ မကြာမီ မဝေးတော့သည့်ကာလအတွင်း အောင်မြင်စွာ ဖြေရှင်းနိုင်တော့မည်ဟု ယုံကြည်ပါသည်။

ယခင်ကစစ်တွေမြို့တွင် မြန်မာ့စီးပွားရေးဘဏ်အပြင် ပုဂ္ဂလိကဘဏ်များဖြင့် ရခိုင်ပြည်နယ်၏ မြို့တော်ပီပီ စည်ကားခဲ့ပြီးဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူလူထုအတွက် ငွေကြေးစုဆောင်းခြင်း၊ လွှဲပေးခြင်းနှင့် အခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝခံစားခဲ့ကြဖူးပြီး နယ်မြေအခြေအနေအရ ပုဂ္ဂလိကဘဏ်များ၏ တံခါးများ ယနေ့အချိန်အထိ ပိတ်ထားမြဲ မြင်တွေ့နေရသည်မှာ စိတ်မကောင်းစရာပင်။

၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့က မြန်မာ့အလင်းသတင်းစာ၌ စစ်တွေမြို့ရှိ မြဝတီဘဏ်ခွဲကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကြည့်ရှုခဲ့ပြီး ဘဏ်လုပ်ငန်းများ အမြန်စတင်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည့် သတင်းကို ဖတ်လိုက်ရသည့်အခါ ကျန်ပုဂ္ဂလိကဘဏ်များပါ တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်နိုင်ပါက မြို့နေလူထုအတွက် ဘယ်လောက်ကောင်းလိုက်မလဲလို့ စာရေးသူစိတ်ထဲ ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ မည်သို့ပင်ဆိုစေ မြဝတီဘဏ်သာ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ပုဂ္ဂလိကဘဏ်များ၏ ပထမခြေလှမ်းအစ အောင်မြင်မှုမှတ်တိုင်ပင် ဖြစ်ပေလိမ့်မည်။

ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်မှုအတွက် လျှပ်စစ်မီးနှင့် အင်တာနက်ဝန်ဆောင်မှုရရှိရေးမှာ ကျွဲကူးရေပါ မဖြစ်မနေလိုအပ်ချက်အဖြစ် ဒွန်တွဲပါလာမည်ဖြစ်သည်။ ယခုအခါ နယ်မြေလုံခြုံရေးအခြေအနေအရ စစ်တွေမြို့ပေါ်ရှိ ပြည်သူများအတွက် အင်တာနက်ရယူသုံးစွဲနိုင်မှုအခွင့်အရေးမှာ အလှမ်းဝေးကွာနေဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်လျက်ရှိသော သတင်းများ မြင်တွေ့ကြားသိရသည်မှာ ငြိမ်းချမ်းမှု၏ အလင်းရောင်များပင် မဟုတ်ပါလား။

ကမ်းလင့်လက်များက ကမ်းလှမ်းနေသကဲ့သို့ တွဲမည့်လက်များက မြန်မြန်ဆန်ဆန် တွဲဆက်ချိတ်မိလိုက်စေချင်ပါသည်။ သို့မှသာ ပြည်သူလူထု၏ နိစ္စဓူဝကြုံတွေ့နေရသော အခြေခံစားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုး /မွေးမြူရေးလုပ်ငန်းများ၊ မိမိတို့ရပ်ရွာဒေသများသို့ ပြန်လည်အခြေချ နေထိုင်နိုင်ရေးကိစ္စများ ယခင်လို နေသားကျပြန်လည်ရရှိလာမည်မှာ မုချကေန် အမှန်တရားပင် မဟုတ်ပါလား။

စာရေးသူမှာ နေ့စဉ်လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းကို မိုးရွာချိန်မှလွဲ၍ နံနက်၊ ညနေ ပုံမှန်လုပ်ဖြစ်ပါသည်။ စစ်တွေမြို့၏အထင်ကရလမ်းများဖြစ်သော လမ်းမကြီးလမ်း၊ မင်းဘာကြီးလမ်း၊ ကမ်းနားလမ်းနှင့် မေယုလမ်း စသည့်လမ်းများဘေးဝဲယာရှိ အိမ်များကို စက်ဘီးပေါ်မှ အမြဲလိုလို ကြည့်ဖြစ်ပါသည်။ ရောက်စက အချို့အိမ်ကြီးရခိုင်များ၊ အထပ်မြင့်တိုက်တာများမှာ တံခါးသော့ပိတ်ထားသည်ကများ၏။ လမ်းမများပေါ်တွင်လည်း ကျောင်းချိန်၊ ရုံးချိန်မှအပ သွားလာလှုပ်ရှားမှုနည်းပါးသည်ကိုသာ တွေ့ရ၏။ သို့သော် ယခုနှစ်သကြံန်ကာလပြီးနောက်ပိုင်း စစ်တွေမြို့မှာ အိမ်ရှင်များ တစ်စတစ်စ ပြန်လည်ရောက်ရှိနေထိုင်လာသည်ကို တွေ့ရသည်။ လမ်းဘေးဝဲယာအိမ်၊ ဆိုင်ခန်းများမှာ ယခင်က ပိတ်ထားသော်လည်း ယခုအခါ ပုံမှန်ပြန်လည်ဖွင့်လှစ်ရောင်းချနေကြပြီ။ ဝက်ပါဈေး၊ မန်ကျည်းမြိုင်ဈေးနှင့် မြို့မဈေးကြီးတို့မှာလည်း ကျွန်တော်ရောက်ခါစထက် ပိုမိုစည်ကားလာသည်ကို မြင်တွေ့နေရပြီ။

လူဆိုသည်မှာ မြို့ကြီးပြကြီးတွင် အလုပ်သဘောမဖြစ်မနေ ပညာရေးကိစ္စများ၊ အရေးပေါ်ဆေးကုသရန် ကိစ္စများမှလွဲ၍ မိမိတို့ထာဝရနေခဲ့ရသော ဇာတိချက်ကြွေ မွေးရပ်မြေကို တမ်းတစမြဲပင်။ မိမိတို့မြို့ရွာဒေသများ အေးချမ်းတည်ငြိမ်လုံခြုံမှုရှိလာပါက ခေတ္တရောက်ရှိနေသော နေရာများမှ ပြန်လာချင်ကြပေလိမ့်မည်။ သံချေးတက်နေသော အိမ်တံခါးသော့များကို အမြန်ပြန်လည်ဖွင့်လိုကြမည်။ အိမ်မှာကျန်ခဲ့သော မိအိုဖအိုများကို မြင်တွေ့လိုကြမည်။ မိမိတို့ကိုးကွယ်ကြသော ဘုန်းကြီးကျောင်းများကို အလှူအတန်းများ ပေးလိုကြမည်။

သေချာပါသည်။ မည်သူမဆို မြို့ပြမှာဖြစ်စေ၊ ကျေးလက်ကဖြစ်စေ မိမိတို့အိမ်ကလေးကိုတော့ လွမ်းဆွတ်တမ်းတနေကြမည်မှာ မြေကြီးလက်ခတ်မလွဲပင်။ အဝေးရောက်နေသော စစ်တွေမြို့သူ မြို့သားများကို ယခင်လိုစည်ကား၊ ဖွံ့ဖြိုးမှုအရှိန်ပြန်ယူရန် အားတင်းနေသော စစ်တွေမြို့ကြီးက မျှော်နေပါပြီလို့.......။

Super Sunday မှာ ကမ်းနားလမ်းက စောင့်နေမယ်။ ။

## ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရာသီဥတုကောင်းမွန်ဖို့၊ သန့်ရှင်းသောလေ ဖန်တီးစို့ ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ၅၅ ဦး၊ အလယ်တန်းအဆင့် ၉၀ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြသည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



စာပေ မြင့်မှ လူမျိုး တင့်မည်

❖ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

**ကြည့်ရှုအားပေး**

ဗိုလ်လုပွဲပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းလူ၊ ဦးကျော်ထင်၊ ဒေါ်စန်းစန်းနွယ်၊ ဦးသိုက်စိုး၊ ဦးအေးကျော်၊ ဦးညီညီ(မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ)၊ အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်စွာစိုး၊ အားကစားရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အတိုးတက်ဆုံး အမျိုးသမီး အားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁) ဖြိုးစန္ဒာအောင်ကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်စွာစိုးက လည်းကောင်း၊ အတိုးတက်ဆုံး အမျိုးသားအားကစားသမားဆုရရှိသည့် မန္တလေး တိုင်းဒေသကြီးအသင်းမှ ကျောနံပါတ် (၇) ဇင်မျိုးထက်ကို အားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရရှိသည့် မွန် ပြည်နယ်အသင်းမှ ကျောနံပါတ်(၂)နန်းခိုင်သဇင်ဦးကို အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ကလည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့် ကြသည်။

ဆက်လက်၍ အမျိုးသမီး(၂)ယောက်တွဲ အဖွဲ့ လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ် အသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်း တို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ ကလည်းကောင်း၊ အမျိုးသား(၂)ယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည် တော်အသင်းနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်ကလည်းကောင်း၊ အမျိုး သမီး (၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆု ရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယ ဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦး ချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးကလည်းကောင်း၊ အမျိုးသား (၃)ယောက် တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်း တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန် တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ် နှင့် ငွေသားဆုများကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ အမျိုးသမီး(၄)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆု ရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် တတိယ ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က လည်းကောင်း၊ အမျိုးသား (၄)ယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု များကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူကလည်းကောင်း ဆုများပေးအပ်ချီးမြှင့် ကြသည်။

**တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်**

ထို့နောက် ရွှေတံဆိပ်(၂)ခုဖြင့် အမျိုးသမီးတံခွန် စိုက်ဆုဖလားရရှိသည့် မွန်ပြည်နယ်အသင်းကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းကလည်းကောင်း၊ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ်တစ်ခုတို့ဖြင့် အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၀ နှင့် အမျိုးသမီး လေးဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက် ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ အား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီ ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၂၀ နှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၂၄ ဦးတို့သည် လက်နက်မျိုးစုံ ရှစ်လက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်း သို့ ထပ်မံဝင်ရောက်လာကြသည်။




ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်း များနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူး တိုင်းဒေသကြီး ညောင်လေးပင်မြို့မှ အမျိုးသား ၁၀ ဦး၊ (၇)မိုင်စခန်းမှ အမျိုးသား တစ်ဦး၊ ကြို့ပင်ကောက် မြို့မှ အမျိုးသား တစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦး၊ ရွှေတောင်မြို့မှ အမျိုးသား တစ်ဦး၊ ကျောက်ကြီးမြို့မှ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား တစ်ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများ ထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်း တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုး ခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ ဘောင်အတွင်း ဝင်ရောက်လာသူ လူငယ်များအား အသိပညာပေးစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူ များက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-3 သေနတ် တစ်လက်၊ M 4 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်၊ BA ၆၃ သေနတ် တစ်လက်၊ လက်လုပ် ပစ္စတိုသေနတ် တစ်လက်၊ လက်လုပ်သေနတ် သုံးလက်၊ လက်ပစ်ဗုံး ၁၀ လုံး၊ မှန်ပြောင်း တစ်လက်၊ ကျည်အိမ် ခြောက်ခု၊ ကျည်မျိုးစုံ ၂၆၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများအား မောင်းပြန်ရိုင်ဖယ် လေးလက် အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၀၊ လက်လုပ် သေနတ် လေးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံး ၁၀ လုံးအတွက် ဆုကြေးငွေကျပ်သိန်း ၃၀၊ မှန်ပြောင်းတစ်လက်အတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၂၄ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီ ဖြင့် ၇၂ သိန်းကျပ် စုစုပေါင်းဆုကြေးငွေကျပ် ၃၂၄ သိန်း နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက် လာသူများ၏ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ် သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘ အုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ် ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ် ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြ မည့် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ နိုင်ငံ့သားကောင်း ရတနာများအား ယနေ့နံနက်ပိုင်း တွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူ များက မြိတ်မြို့ရှိ နယ်မြေခံ တပ်ခန်းမ၌ သွားရောက်တွေ့ဆုံ သည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သား ကောင်းရတနာများအတွက် အသုံး အဆောင်ပစ္စည်းများ ပေးအပ် သည်။(ဓါတ်ပုံ) ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့ သားကောင်း ရတနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားပြီး လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ပေခန့်တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ထိုသို့တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မူလပန်းတာ တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြား Bund Slopeအခြေသဲအိတ်ထောက်ခြင်း၊ တာမိုင် (၁၁/၅)နှင့် (၁၁/၆) ကြား ယာယီပန်းတာ ပြုလုပ်ခြင်းတွင် တာတစ်လျှောက်ရှိ မြေပျော့များ ဖယ်ရှားခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Ma Seint” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပိုးလောင်းလေးကျေးရွာနေ စိမ့်စိမ့်သူအား မွန်းလွဲ ၂ နာရီခွဲတွင် ပြင်စလူနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ နှစ်လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခုနစ်ပေ နှစ်လက်မခန့်သာ ကျန်ရှိတော့သဖြင့် သုံးပေ လေးလက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ကျောင်းကုန်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ခုနစ်ပေ တစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေ ရှစ်လက်မခန့်သာ ကျန်ရှိသဖြင့် ငါးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာများမှ စာသင်ကျောင်းများ၊ ဆေးရုံ ဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့်ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်သမိုင်းနှင့် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှု၍စိတ်ကိုကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေး လျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်း၊ ရဲဘော်သုံးကျိပ်သမိုင်း၊ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ဆက်လက်၍ ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော် လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်း ဖြေကြားကြကြောင်း သိရသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ ငွေကျပ် ၁ ဒသမ ၄၃၆၉ ဘီလီယံတန်ဖိုးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ငွေကျပ်သိန်း ၁၅၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

တောင်ငူမြို့၌ ငွေကျပ် ၁ ဒသမ ၄၃၆၉ ဘီလီယံတန်ဖိုးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ငွေကျပ်သိန်း ၁၅၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိ တရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၀ ရက် နံနက် ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ငူမြို့ အမှတ်(၂၂) ရပ်ကွက် အနီးတွင် ဖယ်ခုံမြို့နယ် ဆီဖူးကျေးရွာနေ ပန်းအောင်(ခ)အောင်ပေ (၃၉)နှစ်နှင့် သံတောင်ကြီးမြို့နယ် လိပ်သိုကျေးရွာနေ မနော်ဌေးဌေးစိုး(၂၀)နှစ်တို့ နှစ်ဦးကို ဘိန်းဖြူ ၆ ဒသမ ၃၄ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၂၁၉ သိန်း)၊ စိတ်ကြွဆေးပြား ၈၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၂၁၅ ဘီလီယံ)၊ TOYOTA ALPHARD ယာဉ်တစ်စီး၊ IPSUM ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ပန်းအောင် (ခ) အောင်ပေနှင့် မနော်ဌေးဌေးစိုးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဩဂုတ် ၃၁ ရက် ည ၁၀ နာရီခွဲ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၂)ရပ်ကွက်နေ နေဝင်းထွန်း(ခ)ဒန်နီ(၅၂)နှစ်၏ နေအိမ်တိုက်ခန်းအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၇၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၅၂၀) ဖမ်းဆီးရမိသဖြင့် နေဝင်းထွန်း(ခ)ဒန်နီအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ ပန်းအောင်(ခ)အောင်ပေနှင့် မနော်ဌေးဌေးစိုးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသားတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ခဲ့သူ တရားခံ ဉာဏ်စိုးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသားတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက် ညနေပိုင်းတွင် ဒေါ်သန်းသန်းနုသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင် ရပ်ကွက် မင်္ဂလာသိဒ္ဓိလမ်းနှင့် ဓမ္မပါလလမ်းထောင့်ရှိ တိုက်အမှတ် (၄၅) ပထမထပ်နေ သူငယ်ချင်းဖြစ်သူ ဒေါ်ခင်မိုးကြည် (၅၄)နှစ်၏ အခန်းသို့ သွားရောက်၍ တံခါးအရှေ့မှ ဒေါ်ခင်မိုးကြည်အားခေါ်ခဲ့ရာ ခေါ်မရသဖြင့် အိမ်နီးချင်းများနှင့်အတူ အခန်း၏ သံပန်းတံခါးအားဖျက်၍ ဝင်ရောက်ကြည့်ရှုစဉ် အခန်းပေါက်ဝ ဘုရားခန်းရှေ့၌ ဒေါ်ခင်မိုးကြည်မှာ ထိုးသွင်းဒဏ်ရာ သုံးချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သတင်းပေးပို့တိုင်တန်းချက်အရ ဗဟန်းမြို့မရဲစခန်း (ပ)၂၆၈/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်လှစ်ပြီး တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ နယ်မြေသတင်းရယူ စုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက် ညပိုင်းတွင် လူသတ်မှုကျူးလွန်သူ တရားခံ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်နေ ဉာဏ်စိုး(၂၀)နှစ်အား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် (၆)ရပ်ကွက်ရှိ The Waiting Lodge Hotel အခန်းအမှတ် B-06 ၌ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❂ *ကျောဖုံးမှ*

ပွဲစဉ် (၁၁) အပြီးတွင် Pacific Sun Far FC က ၁၁ ပွဲကစား ၁၁ ပွဲနိုင် ရမှတ် ၃၃ မှတ်ဖြင့် ဇယားထိပ်၌ ဆက်လက်ဦးဆောင်နေပြီး MIU FC ၂၈ မှတ် အဆင့်(၂)၊ YRG FC ၂၈ မှတ် အဆင့်(၃-ဂိုးကွာခြားချက်)၊ YCDC Dream Team ၂၂ မှတ် အဆင့်(၄)၊ ULAD FC ၂၁ မှတ် အဆင့်(၅)၊ Gold Dream FC ၁၈ မှတ် အဆင့်(၆)၊ JV FC ၁၆ မှတ် အဆင့် (၇)၊ Royal Noka FC ၁၂ မှတ်ဖြင့် အဆင့်(၈)၊ United City FC ၉ မှတ် အဆင့်(၉)၊ ရွှေပြည်သာယူနိုက်တက် ၄ မှတ် အဆင့် (၁၀)၊ မင်္ဂလာဒုံ FC ၃ မှတ် အဆင့် (၁၁)နှင့် ရမှတ် ၁ မှတ်ရရှိသည့် Burmese Warriors FC က အဆင့် (၁၂)နေရာတွင် ရပ်တည်လျက်ရှိသည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

---

❍ *ကျောဖုံးမှ*

ဂရင်းဆလမ်းချန်ပီယံ နှစ်ကြိမ် ဆွတ်ခူးရရှိထားသော အသက် ၂၇ နှစ်အရွယ် ရီဘာကီနာသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးရရှိပြီးနောက် ယခုနှစ်၏ ဒုတိယမြောက် အဓိကဖလားဆွတ်ခူးရန် ပစ်မှတ်ထားနေခြင်း ဖြစ်သည်။ ၎င်းသည် ယူအက်စ်အိုးပင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် စပိန်တင်းနစ်မယ် ဂျက်ဆီကာ ဘူဆပ်စ်မာနေရိုးနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ မာနေရိုးသည် ပထမအဆင့်တွင် ချက်ဇ်တင်းနစ်မယ် ဒါယာ ဗစ်မာနိုဗာကို ၆-၃၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဒုတိယအဆင့် တက်လှမ်းလာသူ ဖြစ်သည်။

ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ရီဘာကီနာနှင့်အတူ ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် ဆာဘာယ်လင်ကာအပါအဝင် ကိုကိုဂေါ့ဖ်၊ အယ်လာ၊ ပိုတာပိုဗာ၊ မာတင်စ်၊ ဆက္ကရီ၊ အိုဆာကာ၊ ရီယွန်တက်ခ်၊ ဆာစတီယာ၊ အနီဆီ မိုဗာ၊ တောင်းဆန့်စသည့် ထိပ်တန်းတင်းနစ်မယ်များ နိုင်ပွဲရပြီး ဒုတိယအဆင့် တက်လှမ်းနိုင်ခဲ့သော်လည်း နာမည်ကြီး ဆွစ်ဇာလန်တင်းနစ်မယ် ဘီလင်ဒါဘင်းဆစ်သည် ပူတင်ဆီဗာကို ရှုံးနိမ့်ခဲ့မှုကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

**အောင်ဇော်**

---

❈ ကျောဖုံးမှ

ရုပ်သံမှတ်တမ်းနှင့် ဓာတ်ပုံအထောက်အထားများကို အသေးစိတ်စိစစ်ပြီးနောက် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပွဲစဉ်အတွင်း ကွင်းလယ်ဒိုင်လူကြီးက နှစ်ဖက်အသင်းကစားသမားနှစ်ဦးအား အနီကတ်ပြထုတ်ပယ်ခဲ့သည့် အဆုံးအဖြတ်မှာ မှန်ကန်ကြောင်း ကော်မတီက အတည်ပြုခဲ့သည်။

ပြိုင်ပွဲအပြီး တာဝန်ကျ ဒိုင်လူကြီးများနှင့် ပတ်သက်၍ ရှမ်းယူနိုက်တက် နည်းပြချုပ် ဦးအောင်ခိုင်နှင့် အသင်းခေါင်းဆောင်နန္ဒကျော်တို့၏ အင်တာဗျူးဖြေကြားချက်မှာ စည်းကမ်းထိန်းသိမ်းရေးမှုများကို ကျူးလွန်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ၎င်းတို့နှစ်ဦးအား တစ်ဦးလျှင် ဒဏ်ကြေးငွေကျပ် ခုနစ်သိန်းစီပေးဆောင်ရန် MFF စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထို့ပြင် အဆိုပါပွဲစဉ်၏ ပွဲချိန် ၅၆ မိနစ်တွင် ကွင်းလယ်ဒိုင်အား ဆဲဆိုခဲ့သည့် ရှမ်းယူနိုက်တက်အသင်းမှ ကျောနံပါတ် (၃၃) ကျော်မင်းဦးနှင့် ပွဲချိန် ၆၆ မိနစ်တွင် ပြိုင်ဘက်ကိုးသမားအား ဆဲရေးခဲ့သည့် ရန်ကုန်စီးတီးအသင်းမှ ကျောနံပါတ် (၇) အောင်ကောင်းမာန်တို့ကို စည်းကမ်းထိန်းသိမ်းရေးမှုအရ အနီးကပ်ဆုံးနှစ်ပွဲပယ်နှင့် ဒဏ်ကြေးငွေကျပ် သုံးသိန်းပေးဆောင်ရန် ပြစ်ဒဏ်များချမှတ်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်စီးတီးအသင်းမှ ၎င်းတို့၏ကစားသမား အောင်ကောင်းမာန်ကို ပြင်းထန်စွာသတိပေးခဲ့ပြီး ဒဏ်ကြေးငွေကျပ်သိန်း ၃၀ ပေးဆောင်ရန် ရန်ကုန်စီးတီးအသင်း စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြစ်ဒဏ်ချမှတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-YCFC**

---

◆ *ကျောဖုံးမှ*

ဘယ်တောင်ပံနေရာတွင် အဓိကကစားသည့် အဲလ်ဘတ်သည် ကွင်းလယ်တိုက်စစ်နေရာတွင်ပါ ကစားနိုင်သည့် စွယ်စုံရကစားသမားတစ်ဦး ဖြစ်ကာ ဘယ်ခြေ၊ ညာခြေ နှစ်ဖက်စလုံးဖြင့် ကစားနိုင်သူဖြစ်သည်။ ၎င်းသည် လိုင်ဘေးရီးယား၊ နိုင်ဂျီးရီးယားနှင့် လစ်ဗျားနိုင်ငံတို့ရှိ ကလပ်အသင်းများတွင် ကစားခဲ့ဖူးသူဖြစ်ပြီး လိုင်ဘေးရီးယားလက်ရွေးစင်အသင်း၌ပါဝင်ကစားကာ နိုင်ငံတကာပွဲစဉ် အတွေ့အကြုံများစွာရှိသူလည်း ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့လာခြင်းနှင့်ပတ်သက်၍ အဲလ်ဘတ်က "ရန်ကုန်ယူနိုက်တက်လို အသင်းကြီးနဲ့အတူ ကစားခွင့်ရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ အသင်းဖော်တွေနဲ့ အကောင်းဆုံးပူးပေါင်းပြီး နိုင်ပွဲတွေရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ပါတယ်။ ပရိသတ်တွေ ပျော်ရွှင်စေရအောင်လည်း အကောင်းဆုံး စွမ်းဆောင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အဲလ်ဘတ်သည် လာမည့်ပွဲစဉ်များတွင် ရန်ကုန်ယူနိုက်တက်အသင်းအတွက် ကျောနံပါတ် ၁၂ ကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-YUFC**

---

❒ *ကျောဖုံးမှ*

မြန်မာလိဂ်၏ Payment Partner ဖြစ်သည့် AYA Pay က အဓိကပံ့ပိုးပေးထားသည့် AYA Pay Player of the Match ဆုကို ပွဲစဉ် (၁) အတွင်း မောင်မောင်လွင်(ရန်ကုန်ယူနိုက်တက်)၊ ဗိုတင်ညို(ရတနာပုံ)၊ မြတ်ကောင်းခန့် (ရန်ကုန်စီးတီး)၊ စောမျိုးဇော်(သစ္စာအားမာန်)၊ သီဟဇော်(ဒဂုံစတား)နှင့် မောင်တော့ပ်(ဧရာဝတီယူနိုက်တက်) တို့က ခြေစွမ်းပြကာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် ကစားသမားများ၏ ကြိုးစားအားထုတ်မှုနှင့် စွမ်းဆောင်ရည်ကောင်းများကို ပိုမိုအသိအမှတ်ပြု ဂုဏ်ပြုနိုင်ရန်အတွက် ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကြေးငွေကို ပြီးခဲ့သည့်ရာသီက ချီးမြှင့်ခဲ့သည့် ငွေကျပ်သုံးသိန်းမှ ငွေကျပ် ၁၀ သိန်းအထိ တိုးမြှင့်ချီးမြှင့်ပေးခဲ့ခြင်း ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MNL**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြင်းထန်သော အယ်လ်နီညိုရာသီဥတုကြောင့် တောင်အာဖရိကတွင် ၂၀၂၇ ခုနှစ်တွင် အပူပြင်းဆုံးနှစ်နှင့် ရင်ဆိုင်ရနိုင်

**ကိတ်တောင်း စက်တင်ဘာ ၂**
တောင်အာဖရိကနိုင်ငံတွင် ပိုမိုပြင်းထန်လာသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ၂၀၂၇ ခုနှစ်သည် အပူပြင်းဆုံးနှစ်တစ်နှစ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း တောင်အာဖရိကမိုးလေဝသဌာန (SAWS) က ပြောသည်။

SAWS ၏ စက်တင်ဘာ ၁ ရက် ထုတ်ပြန်ချက်အရ ပစိဖိတ်သမုဒ္ဒရာအတွင်း အားကောင်းသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဖြစ်ပေါ်နေပြီး ပိုမိုပြင်းထန်လာနိုင်ကြောင်းနှင့် အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း၏ အပတ်စဉ် ပျမ်းမျှပင်လယ်ရေမျက်နှာပြင် အပူချိန် မူမမှန်မှုသည် အလွန်ပြင်းထန်သော အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပွားရန် သတ်မှတ်ထားသော အနိမ့်ဆုံးအဆင့်ကို ကျော်လွန်လာပြီဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ပုံမှန်ထက် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ် ကျော်လွန်ပါက ပြင်းထန်သော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဟု သတ်မှတ်ပြီး ၂ ဒီဂရီဆဲလ်စီးယပ်စ်ကို ကျော်လွန်ပါက အလွန်ပြင်းထန်သော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဟု သတ်မှတ်ထားသည်။ လတ်တလောတွင် အပူချိန် မူမမှန်မှုသည် ၃ ဒီဂရီ ဆဲလ်စီးယပ်စ်ကို ကျော်လွန်နိုင်ကြောင်း SAWS ၏ ခန့်မှန်းချက်အရ သိရသည်။

SAWS ၏ မိုးလေဝသ ခန့်မှန်းချက်တွင် ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ တောင်အာဖရိကဒေသအများစု၏ မိုးရေချိန်သည် ပုံမှန်အောက်သာရှိနိုင်ပြီး အပူချိန်မှာ သာမန်ထက် ပိုမိုမြင့်မားနိုင်ကြောင်းနှင့် အလားတူအခြေအနေမျိုးသည် ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလအထိ ဆက်လက်ကြုံတွေ့ရနိုင်ကြောင်း ဖော်ပြထားသည်။

ဆင်ဟွာ

## ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ကီယာ စတာမာ လွှတ်တော်အမတ်ရာထူးမှ နုတ်ထွက်မည်

**လန်ဒန် စက်တင်ဘာ ၂**
ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ကီယာ စတာမာက လွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယခုအချိန်သည် တာဝန်ကို ဆက်ခံမည့်သူထံ လွှဲပြောင်းပေးရန် သင့်တော်သည့်အချိန်ဖြစ်ကြောင်း စတာမာက ၎င်း၏ လူမှုမီဒီယာအကောင့်မှတစ်ဆင့် ရေးသားခဲ့သည်။

၎င်းက ယခုအချိန်သည် အခြားကိစ္စရပ်များအပေါ် အာရုံစိုက်ရန်အချိန်ဟု ပြောကြားပြီး လျင်မြန်စွာ ပြောင်းလဲနေသည့် ကမ္ဘာ့အခြေအနေတွင် ကာကွယ်ရေး၊ လုံခြုံရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များ အပါအဝင် နိုင်ငံတကာရေးရာ ကိစ္စရပ်များကို အာရုံစိုက်သွားမည်ဟု ပြောကြားခဲ့သည်။

ထို့အပြင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ်ဆန့်ကျင်သည့် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဟု စတာမာက ကတိပြုခဲ့သည်။ စတာမာသည် ၂၀၂၀ ပြည့်နှစ်တွင် လေဘာပါတီခေါင်းဆောင် ဖြစ်လာခဲ့ပြီး ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လေဘာပါတီအနိုင်ရရှိပြီးနောက် ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ယင်းအောင်ပွဲသည် ၁၄ နှစ်အတွင်း ဗြိတိန်အစိုးရ၏ အာဏာပြောင်းလဲမှုကို ဖြစ်ပေါ်စေခဲ့သည်။



အင်န်အိတ်ချ်ကေ

## တိုကျိုအပါအဝင် ဂျပန်နိုင်ငံ ကန်တို-ကိုရှင်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်

**တိုကျို စက်တင်ဘာ ၂**
ဂျပန်နိုင်ငံ မိုးလေဝသအာဏာပိုင်များက တိုကျိုမြို့အပါအဝင် ကန်တို-ကိုရှင် ဒေသတွင် လေထုအခြေအနေများ အလွန်မတည်ငြိမ်လာသည့်အတွက် စက်တင်ဘာ ၃ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သတိပေးထားသည်။

ဂျပန်မိုးလေဝသအေဂျင်စီ (JMA) ၏ ပြောကြားချက်အရ ရာသီအလိုက် မိုးတိမ်တောင်ဖြစ်ထွန်းမှုသည် ဂျပန်နိုင်ငံတစ်ဝန်း တောင်ဘက်သို့ ရွေ့လျားလာမည်ဖြစ်ပြီး တောင်ဘက်မှ ပူနွေးပြီး စိုထိုင်းသောလေထုများလည်း ဝင်ရောက်လာမည်ဖြစ်ကြောင်းသိရသည်။

ကန်တို-ကိုရှင်ဒေသတွင် စက်တင်ဘာ ၃ ရက် အရုဏ်တက်ချိန်မှ စက်တင်ဘာ ၅ ရက်ခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။ စက်တင်ဘာ ၃ ရက်ညနေပိုင်းအထိ ၂၄ နာရီအတွင်း မိုးရေချိန်သည် မြောက်ပိုင်း ကန်တိုနှင့်ကိုရှင်ဒေသများတွင် ၈၀ မီလီမီတာအထိ ရှိနိုင်ပြီး ကန်တိုတောင်ပိုင်းတွင် ၆၀ မီလီမီတာအထိ ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

မိုးလေဝသအေဂျင်စီ တာဝန်ရှိသူများက မြေပြိုမှုများ၊ မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးမှုများနှင့် မြစ်ရေမြင့်တက်မှုများအပြင် မိုးကြိုးပစ်ခြင်း၊ လေပြင်းများ ရုတ်တရက်တိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများအနေဖြင့် သတိပြုနေထိုင်ကြရန် တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

## အစ္စတန်ဘူလ်မြို့အနီး သင်္ဘောနှစ်စင်းတိုက်မိ၊ ၁၀ ဦး ပျောက်ဆုံး

**အစ္စတန်ဘူလ် စက်တင်ဘာ ၂**
အစ္စတန်ဘူလ်မြို့အနီးရှိ မာမာရာ ပင်လယ်ပြင်၌ စက်တင်ဘာ ၂ ရက် အစောပိုင်းက တူကီယဲအလံ တပ်ဆင်ထားသည့် သင်္ဘောနှစ်စင်း တိုက်မိ၍ သင်္ဘောသား ၁၀ ဦး ပျောက်ဆုံးနေသည်ဟု တူကီယဲ အာဏာပိုင်များက ပြောသည်။



ဒေသစံတော်ချိန် နံနက် ၃ နာရီဝန်းကျင်ခန့်က ကုန်တင်သင်္ဘောတစ်စင်းနှင့် ရေနံတင်သင်္ဘောတို့ ဝင်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အစ္စတန်ဘူလ် အုပ်ချုပ်ရေးမှူးရုံးက ပြောသည်။ ကုန်တင်သင်္ဘော တူဘာ့ခ် အမ်မာမိုဂလူးသည် ရေအောက်မီတာ ၈၀၀ မှ ၉၀၀ ကြားတွင် နစ်မြုပ်သွားသည်ဟု ယူဆရသည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေး လုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေဆဲဖြစ်သည်ဟု အုပ်ချုပ်ရေးမှူးရုံးက ပြောသည်။

အဆိုပါ ကုန်တင်သင်္ဘောပေါ်တွင် တန်ချိန် ၄၁၉၉ တန်ရှိ သံမဏိကွိုင်များ တင်ဆောင်လာခြင်းဖြစ်ပြီး ခေါ်ဆိုမှုများကို ပြန်လည် တုံ့ပြန်ခြင်းမရှိသည့်အပြင် သင်္ဘောသားများထံ ဖုန်းဖြင့် ဆက်သွယ်၍လည်း မရခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။ ရေနံတင်သင်္ဘောမှာ တိုက်မိချိန်တွင် သင်္ဘောပေါ်၌ ကုန်တင်ဆောင်လာခြင်းမရှိချေ။ ထို့ပြင် သိသာထင်ရှားသည့် ပျက်စီးမှုမျိုးလည်း မရှိကြောင်း အာဏာပိုင်များက ပြောသည်။ ပင်လယ်ရေကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ၁၄ ဖွဲ့၊ ရဟတ်ယာဉ် နှစ်စင်းတို့ဖြင့် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ဟု သတင်းထုတ်ပြန်ထားသည်။

ဆင်ဟွာ

## အင်ဒိုနီးရှား၌ ဆီနာဘန်း မီးတောင်လှုပ်ရှားမှု ပြင်းထန်လာသောကြောင့် ဒေသခံ ၆၁၅ ဦး ဘေးလွတ်ရာရွှေ့ပြောင်း

**ဂျကာတာ စက်တင်ဘာ ၂**
အင်ဒိုနီးရှားနိုင်ငံ ဆီနာဘန်း မီးတောင်လှုပ်ရှားမှုများပြင်းထန်လာသဖြင့် ဆူမားတြားပြည်နယ် မြောက်ပိုင်း ကူတာ တန်ဂါ ကျေးရွာရှိ ဒေသခံ ၆၁၅ ဦးကို ဘေးလွတ်ရာ ခိုလှုံရာနေရာများသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သဘာဝဘေး အန္တရာယ်အေဂျင်စီက စက်တင်ဘာ ၂ ရက်တွင် ပြောသည်။

ယခုသီတင်းပတ် အစောပိုင်းက မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ကြိုတင်ကာကွယ်မှုတစ်ရပ်အနေဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ပူးပေါင်းအသင်းများက လုပ်ဆောင်ခဲ့ကြသည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဘာတွန် ပန်ဂျိုင်တန်က ပြောသည်။

မီးတောင်လှုပ်ရှားမှုများပြင်းထန်လာပြီးနောက် ဆီနာဘန်း မီးတောင်နှင့်ပတ်သက်၍ သတိပေးမှုအဆင့်ကို အဆင့်နှစ်မှ အဆင့်သုံးသို့ မြှင့်တင်လိုက်ကြောင်း အာဏာပိုင်များက ပြောသည်။ အဆိုပါမီးတောင်သည် မီးတောင်ထိပ်ဝ မီတာ ၃၅၀၀ အထိ ပြာပူများ လွှင့်ထုတ်ခဲ့သည်။ ထို့နောက် ချက်ချင်းဆိုသလို အာဏာပိုင်များက ကန့်သတ်နယ်မြေကို တိုးချဲ့ခဲ့သည်။ မီးတောင်ထိပ်ဝမှ အချင်းဝက် သုံးကီလိုမီတာအတွင်း ဧရိယာများနှင့် ကျေးရွာများသို့ ဒေသခံများနှင့် ခရီးသွားများ ဝင်ရောက်ခြင်းကို တားမြစ်ထားသည်။

ဆင်ဟွာ



## ဂျပန်၌ သက်ကြီးတန်း ကာယဗလပြိုင်ပွဲတွင် အသက် ၉၀ အရွယ် ကာနာဇာဝါ ပထမဆု ဆွတ်ခူး

**ဟီရိုရှီးမား စက်တင်ဘာ ၂**
ဂျပန်နိုင်ငံတွင် အသက် ၉၀ အရွယ် အမျိုးသားတစ်ဦးသည် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးတန်း ကာယဗလပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဝါရင့်သက်ကြီး ကာယဗလမောင်များကို ဖော်ထုတ်ပြသလေ့ရှိသော အဆိုပါနှစ်ပတ်လည်ပြိုင်ပွဲကို ယခုနှစ်တွင် ဟီရိုရှီးမားမြို့၌ ကျင်းပခဲ့ရာ အသက် ၄၁ နှစ်မှ ၉၀ နှစ်အကြား အားကစားသမား ၂၀၀ ခန့်က အားကစားနည်းအမျိုးအစား ၁၃ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၎င်းတို့အနက် ပြိုင်ပွဲမစတင်မီ တစ်ရက်အလိုတွင် အသက် ၉၀ ပြည့်ခဲ့သော ကာနာဇာဝါ တိုရှီဆူကဲသည် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးတန်းပြိုင်ပွဲတွင် အခြားပြိုင်ဘက် ခြောက်ဦးနှင့်အတူ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပဏာမအဆင့်တွင် သက်ကြီးကာယဗလမောင်များသည် စင်မြင့်ပေါ်သို့ အတူတကွတက်ရောက်လာကြပြီး သတ်မှတ်ထားသော ကာယဗလဟန်ပြကွက်ပုံစံများကို တညီတညွတ်တည်း ပြသခဲ့ကြသည်။ ဗိုလ်လုပွဲ အဆင့်တွင် ပြိုင်ပွဲဝင်တစ်ဦးချင်းသည် စိတ်ကြိုက်ကာယဗလဟန်ပြကွက်ပုံစံများအတွက် တစ်မိနစ်စီရရှိခဲ့ကြပြီး ကာနာဇာဝါ ၏ ယှဉ်ပြိုင်မှုမှာ ပရိသတ်များ၏ ကျယ်လောင်သော လက်ခုပ်သံများကို ရရှိခဲ့သည်။

ပထမဆုဆွတ်ခူးကြောင်း ကြေညာပြီးနောက်တွင် ကာနာဇာဝါက ကမ္ဘာ့စံချိန်များ တင်နိုင်သည်အထိ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောသည်။

အင်န်အိတ်ချ်ကေ

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာကြောင့် သေဆုံးသူ ၃၀၀၀ ကျော်အထိရှိလာ

**ကင်ရှာဆာ စက်တင်ဘာ ၂**
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ လက်ရှိဖြစ်ပွားနေသည့် အီဘိုလာရောဂါကြောင့် သေဆုံးသူ ၃၀၀၀ ကျော်အထိ ရှိလာကြောင်း စက်တင်ဘာ ၂ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။ ဩဂုတ် ၃၁ ရက်အထိ နိုင်ငံအတွင်း ရောဂါဖြစ်ပွားသူဦးရေ ၆၁၈၆ ဦးရှိပြီး သေဆုံးသူ ၃၀၀၇ ဦးရှိသည်ဟု အစီရင်ခံစာအရ သိရသည်။ ပြန်လည်ကျန်းမာလာသူဦးရေမှာ ၁၄၀၉ ရှိပြီး အီဘိုလာကုသရေးစင်တာများ၌ ကုသမှုခံယူနေသူ ၈၃၀ ခန့်ရှိသည်။ အီဘိုလာရောဂါကြောင့် အီတူရီ၊ မြောက်ကီဗူး၊ တောင်ကီဗူး၊ တီရှော့ပို၊ ဟော့တ်-ယူအဲလ်နှင့် ဘာစ်-ယူအဲလ်တို့ရှိ ကျန်းမာရေးဇုန် ၆၀ ကို ထိခိုက်စေခဲ့သည်။

ဆင်ဟွာ

## ကမ္ဘောဒီးယား၌ အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ ၁၃ ဒသမ ၁ သန်းခန့်ရှိ

**ဖနောင်ပင် စက်တင်ဘာ ၂**
ကမ္ဘောဒီးယားနိုင်ငံ၏ အလုပ်လုပ်ကိုင်နိုင်သော လူဦးရေသည် အမျိုးသမီး ၆ ဒသမ ၈ သန်းနှင့် အမျိုးသား ၆ ဒသမ ၃ သန်းဖြင့် စုစုပေါင်း ၁၃ ဒသမ ၁ သန်းခန့်အထိရှိကြောင်း စီမံကိန်းဝန်ကြီးဌာနအောက်ရှိ အမျိုးသားစာရင်းအင်းဌာန၏ စက်တင်ဘာ ၂ ရက် ထုတ်ပြန်သော ကမ္ဘောဒီးယားလုပ်သားအင်အားစစ်တမ်း ၂၀၂၅ အစီရင်ခံစာအရ သိရသည်။

အလုပ်လုပ်ကိုင်နိုင်သော လူဦးရေအများစုမှာ ကျေးလက်ဒေသများမှ အများဆုံးဖြစ်ကာ ၇ ဒသမ ၈ သန်းရှိပြီး မြို့ပြဒေသများတွင် ၅ ဒသမ ၃ သန်းသာရှိကြောင်း အဆိုပါ အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။ ပင်မအလုပ်အကိုင်များအတွက် ပျမ်းမျှလုပ်ခလစာသည် အမေရိကန်ဒေါ်လာ ၃၀၀ ဖြစ်ကြောင်း သိရသည်။ အမျိုးသားများအတွက် လုပ်ခလစာမှာ အမေရိကန်ဒေါ်လာ ၃၁၅ ဒေါ်လာဖြစ်ပြီး အမျိုးသမီးများအတွက် လုပ်ခလစာမှာ ဒေါ်လာ ၂၈၀ ဖြစ်သောကြောင့် အမျိုးသားနှင့် အမျိုးသမီးကြား လုပ်ခလစာကွာဟမှုများရှိကြောင်း သိရသည်။ ဆင်ဟွာ

# ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း (၁-၈-၂၀၂၆ ရက်နေ့မှ ၃၁-၈-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL– 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက် ရှိပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | နေပြည်တော် | | | | | | |
| | ၁ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၁ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဇုံဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | – | – | – | ကောင်းမွန် | – |
| | ၆ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | – | – | – | – | ကောင်းမွန် | – |
| | ၇ သန်လျင်မြို့နယ် | ကောင်းမွန် | | – | ကောင်းမွန် | – | – |
| | ၈ ဒလမြို့နယ် | ကောင်းမွန် | | | | | |
| | ၉ လှည်းကူးမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၁ အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | | | | လက်ခံနိုင်သော | |
| | ၃ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ ကျောက်ဆည်မြို့ | ကောင်းမွန် | | | | | |
| | ၆ ပြင်ဦးလွင်မြို့ | ကောင်းမွန် | | | | | |
| | ၇ မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| | ၁ မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| | ၁ ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | |
| | ၁ ပဲခူးမြို့ | ကောင်းမွန် | | | | | |
| | ၂ တောင်ငူမြို့ | ကောင်းမွန် | | | | | |
| | ၃ ပြည်မြို့ | ကောင်းမွန် | | | | | |
| | ၄ သာယာဝတီမြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | |
| | ၁ မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| | ၁ ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| | ၂ ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | |
| | ၁ မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| ၁၀ | ကယားပြည်နယ် | | | | | | |
| | ၁ လွိုင်ကော်မြို့ | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| ၁၁ | ကရင်ပြည်နယ် | | | | | | |
| | ၁ ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၂ | မွန်ပြည်နယ် | | | | | | |
| | ၁ မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | |
| | ၁ တောင်ကြီးမြို့ | ကောင်းမွန် | | | | | |
| | ၂ ကျိုင်းတုံမြို့ | ကောင်းမွန် | – | – | – | – | – |
| | ၃ တာချီလိတ်မြို့ | ကောင်းမွန် | – | – | – | – | – |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# စရိတ်သက်သာ၍ အကျိုးအမြတ်ပိုမိုရရှိစေသော ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆီသို့

**ယနေ့ ကြံစိုက်ပျိုးရေးလုပ်ငန်းတွင် ဓာတ်မြေသြဇာ၊ မျိုး၊ ပိုးသတ်ဆေးနှင့် လုပ်အားခ စသည့် သွင်းအားစုစရိတ်များ မြင့်တက်လာခြင်းသည် ကြံစိုက်တောင်သူများအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေသည်။**

ဥမ္မာစိုး(စိုက်ပျိုးရေး)

မြန်မာနိုင်ငံ၏ ကြံသီးနှံပန်းတိုင်အထွက်နှုန်းမှာ တန် ၃၀ သတ်မှတ်ထားပြီး လက်ရှိပျမ်းမျှ ၂၇ တန် ထွက်ရှိနေသော်လည်း ကြံတစ်ဧကစိုက်ပျိုးထုတ်လုပ်မှုစရိတ်အပေါ်တွင် တောင်သူများ၏ အကျိုးအမြတ်ရရှိမှုမှာ မိသားစုစားဝတ်နေရေးအတွက် လုံလောက်ရန် ခက်ခဲလျက်ရှိနေသဖြင့် ကုန်ကျစရိတ်လျှော့ချနိုင်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကိုမြှင့်တင်ကာ အမြတ်ပိုမိုရရှိစေသည့် နည်းလမ်းများကို အသုံးချရန် လိုအပ်သည်။

**တောင်သူများက လက်တွေ့ဘဝတွင် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများဖြင့် လုပ်ကိုင်နေကြသော်လည်း နည်းပညာအသိဖြင့် ပေါင်းစပ်၍ ချိတ်ဆက်မိအောင် ဆောင်ရွက်ရန် လိုအပ်သည်။** ဥပမာအနေဖြင့် ကြံအထွက်တိုးရေးအတွက်ဓာတ်မြေသြဇာ အသုံးပြုရာတွင် ဓာတ်မြေသြဇာထည့်သွင်းခြင်းဖြင့် အထွက်တိုးသည်ဟူသော အချက်တစ်ခုတည်းအပေါ်တွင် မူမတည်ဘဲ အသုံးပြုရမည့် နှုန်းထား၊ မြေအမျိုးအစား၊ အစိုဓာတ်အနည်းအများ၊ ကျွေးချိန်၊ မိမိစိုက်ပျိုးထားသော ကြံမျိုး၏ သဘာဝ၊ ကြံပင်စိုက်တန်းအကွာအဝေး၊ အပင်ဦးရေ စသော အချက်များနှင့် အပြန်အလှန်တုံ့ပြန်မှုရှိသဖြင့် အထက်ပါအချက်များအားလုံး မိတ်ဖက်တုံ့ပြန်မှုရှိမှသာ ကြံအထွက် အကောင်းဆုံးရရှိမည်ဖြစ်သည်။

ကြံသီးနှံစိုက်ပျိုးရေးတွင် ဓာတ်မြေသြဇာသုံးစွဲမှုသည် စိုက်ပျိုးစရိတ်၏ ကြီးမားသော ရာခိုင်နှုန်းတစ်ခုအဖြစ်တွင် ပါဝင်နေသဖြင့် မြေသြဇာကို စနစ်တကျချိန်ဆ၍ သုံးစွဲခြင်းသည် အပင်ကြီးထွားမှုကို အထောက်အကူပြုရုံသာမက တောင်သူများအတွက် စီးပွားရေးအရ တွက်ခြေကိုက်မှုကိုပါ တိုက်ရိုက်အကျိုးသက်ရောက်စေသည်။ မြေဆီလွှာစစ်ဆေးပြီးမှ လိုအပ်ချက်အလိုက် တိကျသောပမာဏ သုံးစွဲခြင်းကြောင့် မလိုအပ်သောမြေသြဇာဖိုး ကုန်ကျစရိတ်ကို ၃၀ မှ ၄၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။

မြေသြဇာဈေးနှုန်းကြီးမြင့်သည့်အတွက် စရိတ်သက်သာပြီး ထိရောက်မှုရှိစေရန် မိမိပတ်ဝန်းကျင်တွင် ရရှိနိုင်သည့် သဘာဝမြေသြဇာများဖြစ်သည့် နွားချေး၊ ကြက်ချေး၊ ကြံမြှုပ်ချေး၊ ကွန်ပိုစ်နှင့် ကြံပင်ကြွင်းကျန်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းဖြင့် မြေဆီလွှာ၏ သဘာဝသြဇာကြွယ်ဝမှုကို ရေရှည်တည်တံ့စေပြီး နောင်နှစ်များတွင်ဓာတ်မြေသြဇာသုံးစွဲရမည့်စရိတ်ကို တဖြည်းဖြည်းလျှော့ချပေးနိုင်သည့်အပြင် မြေဆီလွှာပျက်စီးဆုံးရှုံးမှုမရှိဘဲ နှစ်စဉ်ပုံမှန်အထွက်နှုန်းကောင်းမွန်စွာ ဆက်လက်ရရှိနိုင်ခြင်းက စိုက်ပျိုးရေးလုပ်ငန်းကို ရေရှည်ရပ်တည်နိုင်စေသည့် အကျိုးကျေးဇူးကို ရရှိစေပါသည်။

မြေသြဇာစနစ်တကျ သုံးစွဲခြင်းဆိုသည်မှာ **“စရိတ်လျှော့ချခြင်း”** သက်သက်မဟုတ်ဘဲ **“ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းဆုံးပြန်အမ်းငွေ ရရှိအောင် စီမံခန့်ခွဲခြင်း”** ပင်ဖြစ်ပါသည်။ မှန်ကန်သော အချိုးအစား၊ မှန်ကန်သောအချိန်ကာလနှင့် သဘာဝမြေသြဇာကို ပေါင်းစပ်သုံးစွဲခြင်းကသာ ကြံစိုက်တောင်သူများအတွက် အသားတင်အမြတ်ငွေကို အမြင့်မားဆုံးပေးစွမ်းနိုင်မည် ဖြစ်ပါသည်။



**ကမ္ဘာ့ကြံစိုက်ပျိုးထုတ်လုပ်မှုတွင် ဦးဆောင်နေကြသောနိုင်ငံများ (ဘရာဇီး၊ ဩစတြေးလျ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံ)တွင် မြေဆီလွှာအရည်အသွေးမထိခိုက်စေဘဲ အထွက်နှုန်းအမြင့်ဆုံးရရှိရန် ခေတ်မီနည်းပညာများနှင့် စနစ်ကျသောအလေ့အကျင့်များကို ကျင့်သုံးလျက်ရှိကြပါသည်။ သကြားစက်ရုံများမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်း ကြံမြှုပ်ချေး (ဖော့စဖရပ်ကြွယ်ဝ)နှင့် အရက်ချက်စက်ရုံများမှ ထွက်လာသော ရေဆိုးအရည် (ပိုတက်ဆီယမ်နှင့် အော်ဂဲနစ်ဓာတ်ကြွယ်ဝ)တို့ကို စက်ရုံများနှင့် စိုက်ခင်းများ ချိတ်ဆက်ကာ မြေသြဇာအဖြစ် စနစ်တကျ ပြန်လည်လောင်းထည့်ခြင်းဖြင့် ဓာတ်မြေသြဇာသုံးစွဲမှုကို သိသိသာသာလျှော့ချနိုင်ခြင်း၊ ကြံခင်းများကို မီးရှို့ခုတ်သိမ်းခြင်း မပြုတော့ဘဲ စက်ဖြင့်ရိတ်သိမ်းပြီး ကျန်ရစ်သော ကြံရွက်ခြောက်များကို မြေဖုံးအဖြစ်ထားရှိခြင်းဖြင့် မြေဆီလွှာစိုစွတ်မှုကို ထိန်းသိမ်းပြီး အော်ဂဲနစ်ပမာဏကို တိုးပွားစေသည့်နည်းလမ်းများကို ဆောင်ရွက်လာကြသည်။**

ယနေ့နိုင်ငံတကာ၏ အလေ့အကျင့်များကို လေ့လာကြည့်ပါက မြေသြဇာကို အဆမတန်သုံးစွဲရုံဖြင့် အထွက်တိုးသည်မဟုတ်ဘဲ **“တိကျသော အချက်အလက်အပေါ် အခြေခံသည့် စီမံခန့်ခွဲမှု”**ကို ကျင့်သုံးခြင်းကသာ ကုန်ကျစရိတ်ကိုသက်သာစေပြီး ရေရှည်စီးပွားရေးအရ တွက်ခြေကိုက်မှုကို ဖြစ်ထွန်းစေကြောင်း တွေ့ရှိရသည်။

တစ်ဧကအထွက်နှုန်းတိုးတက်ရေးတွင် အပင်အရေအတွက် လုံလောက်စွာ ရရှိရေးအတွက် စိုက်တန်းအကွာအဝေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကြံစိုက်တန်းကြား အကွာအဝေးသည် ရာသီဥတု၊ မြေဆီလွှာအဆင့်အတန်း၊ ကြံမျိုး၏ ပင်ပွားထွက်နိုင်မှုစွမ်းရည်၊ စိုက်ပျိုးသည့်နည်းလမ်း၊ စိုက်စနစ်၊ မိမိရင်းနှီးမြှုပ်နှံနိုင်မှုစသော အချက်များအပေါ် အပြန်အလှန်တုံ့ပြန်မှုရှိသဖြင့် မိတ်ဖက်တုံ့ပြန်မှုကို အများဆုံးအပေါ် အခြေခံပြီး ဆောင်ရွက်ရန် လိုအပ်သည်။

မြန်မာနိုင်ငံ၌ ကြံစိုက်ပျိုးရာတွင် စိုက်တန်းအကွာအဝေးအမျိုးမျိုးကို အသုံးပြုကြရာ စိုက်တန်းအကွာအဝေးကွာခြားမှုအပေါ် မူတည်၍ အပင်ဖြစ်ထွန်းမှု၊ အလုပ်သမားနှင့် စက်ကိရိယာ အသုံးပြုနိုင်မှုတို့တွင် အားသာချက်နှင့် အားနည်းချက်များ အသီးသီးရှိကြသည်။

စိုက်တန်းအကွာအဝေး (၃ ပေမှ ၃ ဒသမ ၅ပေ) အသုံးပြုခြင်းဖြင့် အပင်စိပ်သဖြင့် အစောပိုင်းကာလတွင် မြေပြင်ကို အရိပ်ကျစေပြီး ပေါင်းပေါက်မှုကို သဘာဝအတိုင်း သက်သာစေကာ ဧရိယာတစ်ခုချင်းအလိုက် အပင်ဦးရေပိုမိုဝင်ဆံ့သဖြင့် တစ်ဧကအထွက်နှုန်းကနဦးတွင် ကောင်းမွန်နိုင်ခြေရှိသော်လည်း စက်ကိရိယာဖြင့် ဆောင်ရွက်ရန် ကျဉ်းလွန်းသဖြင့် အများစုမှာ လူလုပ်အားကို အဓိက အားထားရခြင်း၊ အပင်ကြီးလာသည့်အခါ လေဝင်လေထွက်နှင့် နေရောင်ခြည်ရရှိမှုနည်းပါးသဖြင့် ရောဂါကျရောက်ရန်နှင့် ကြံပင်များလဲကျရန် လွယ်ကူခြင်းကို ဖြစ်ပေါ်စေသည်။

စိုက်တန်းအကွာအဝေး (၄ ပေမှ ၄ ဒသမ ၅ပေ) သည် လက်ရှိစီးပွားဖြစ် ကြံစိုက်ပျိုးရေးတွင် အသုံးအများဆုံးနှင့် သင့်တင့်မျှတသော စနစ်ဖြစ်ပြီး စက်ကိရိယာငယ်များဖြင့် မြေပြုပြင်ခြင်းနှင့် ပေါင်းလိုက်ခြင်းတို့ကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်သဖြင့် လုပ်သားရှားပါးမှုကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်ခြင်း၊ နေရောင်ခြည်နှင့် လေဝင်လေထွက်ကောင်းမွန်သဖြင့် အပင်များ သန်စွမ်းပြီး သကြားဓာတ်ပိုမို ကောင်းမွန်စေရန် အထောက်အကူပြုစေသော်လည်း စိုက်တန်းအကွာအဝေး ကျယ်သွားခြင်းကြောင့် အစပိုင်းတွင် ပေါင်းမြက်ရှင်းလင်းရေးကို ပိုမိုဂရုစိုက်ရန် လိုအပ်သည်။

စိုက်တန်းအကွာအဝေး (၅ ပေနှင့် အထက်/ နှစ်တန်းတွဲဖက်စိုက်စနစ်)မှာ ခေတ်မီစက်မှု လယ်ယာနှင့် ကျယ်ပြန့်သော ကြံစိုက်ပျိုးရေးထုတ်လုပ်ရေးအတွက် ရည်ရွယ်စိုက်ပျိုးသည့်စနစ်ဖြစ်ပြီး ထွန်စက်ကြီးများ၊ ကြံခုတ်စက်များ အပြည့်အဝဝင်ရောက်လုပ်ကိုင်နိုင်သဖြင့် ကုန်ကျစရိတ်ကို ရေရှည်တွင် ကြီးမားစွာသက်သာစေခြင်း၊ အပင်တစ်ပင်ချင်းစီအတွက် အာဟာရ၊ ရေနှင့် နေရောင်ခြည်ကို အပြည့်အဝရရှိစေသဖြင့် ကြံလုံးပတ်ကြီးပြီး အထွက်နှုန်းတစ်သမတ်တည်းထွက်ရှိစေသော်လည်း စိုက်ပျိုးသည့် အစောပိုင်းကာလတွင် မြေပြင်အလွတ်များ ကျန်ရှိနေသဖြင့် ပေါင်းမြက်များအလွယ်တကူ ပေါက်ရောက်နိုင်ပြီး ပေါင်းနှိမ်နင်းရေးကို အထူးဂရုစိုက်ရခြင်း၊ စတင်စိုက်ပျိုးချိန်တွင် တစ်ဧကချင်းအလိုက် အပင်ဦးရေ နည်းသွားနိုင်သဖြင့် စနစ်တကျအာဟာရကျွေးမွေးမှုမရှိပါက အထွက်နှုန်း ထိခိုက်နိုင်ပါသည်။

အထက်ပါအချက်များအပေါ် အခြေခံပြီး မိမိတို့ဒေသ၏ မြေဆီလွှာအမျိုးအစား၊ ရေရရှိနိုင်မှုနှင့် စက်ကိရိယာအသုံးပြုနိုင်မှုအခြေအနေအပေါ် မူတည်၍ သင့်လျော်မည့် စိုက်တန်းအကွာအဝေးကို ရွေးချယ်စိုက်ပျိုးသင့်သည်။

**မြေဆီလွှာအဆင့်အတန်းနှင့် ကြံမျိုး၏ ပင်ပွားထွက်နိုင်စွမ်းအပေါ် မူတည်၍ သင့်လျော်သော စိုက်တန်းအကွာအဝေးကို ရွေးချယ်ခြင်းသည် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်အများဆုံးရရှိစေရန်အတွက်လည်း အဓိကကျသည်။ မြေသြဇာကောင်းမွန်ပြီး မြေဆီလွှာအဆင့်အတန်းကောင်းမွန်က ပင်ပွားထွက်နိုင်မှု အလွန်ကောင်းမွန်ပြီး အပင်ကြီးထွားမှုသန်မာသဖြင့် တန်းစိပ်စိုက်ပါက အပင်ချင်း ယှဉ်ပြိုင်မှုများပြီး ယိုင်လဲလွယ်သဖြင့် စိုက်တန်းအကွာ (၄ ဒသမ ၅ ပေ မှ ၅ ပေ)ထားသင့်သည်။**

မြေဆီလွှာ အလယ်အလတ်စားဖြစ်ပါက ပင်ပွားထွက်နိုင်မှုအသင့်အတင့်ရှိသဖြင့် စိုက်တန်းအကွာအဝေးသည် လေးပေ ပတ်ဝန်းကျင်ထားခြင်းက အသင့်တော်ဆုံးဖြစ်သည်။ မြေဆီလွှာညံ့ဖျင်းသော မြေများတွင် အပင်ပွားနှုန်းနည်းပါးပြီး အပင်ကြီးထွားမှု နှေးကွေးသဖြင့် စိုက်တန်းအကွာအဝေး(၃ ပေမှ ၃ ဒသမ ၅ ပေ) ဖြင့် စိပ်စိပ်စိုက်ပျိုးသင့်သည်။ သို့မှသာ တစ်ဧက အပင်ဦးရေ လုံလောက်စွာရရှိပြီး မြေပြင်ကို အမြန်ဆုံးဖုံးအုပ်နိုင်မည်ဖြစ်သည်။

ကြံမျိုး၏ ပင်ပွားထွက်နိုင်မှုနှင့် စိုက်တန်းအကွာအဝေးဆက်စပ်မှုတွင် ပင်ပွားနှုန်းကောင်းသော ကြံမျိုးများကို စိုက်တန်းအကွာအဝေး (၄ ဒသမ ၅ ပေ မှ ၅ ပေ) ထားစိုက်ခြင်းဖြင့် မျိုးဖိုးသက်သာစေပြီး အပင်ကြီးလာသည့်အခါ လေဝင်လေထွက်ကောင်းစေသည်။ ပင်ပွားနှုန်းညံ့သော ကြံမျိုးများ၏ စိုက်တန်းအကွာအဝေးကို (၃ ဒသမ ၅ ပေမှ ၄ ပေ) သတ်မှတ်ပြီး စိုက်ပျိုးမှသာ အပင်ဟာမှုမရှိဘဲ တစ်ဧက အထွက်နှုန်းပြည့်မီမည်ဖြစ်သည်။

ကမ္ဘာ့ကြံအများဆုံးစိုက်ပျိုးထုတ်လုပ်ကြသည့် နိုင်ငံများဖြစ်သော ဘရာဇီး၊ အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် လုပ်သားရှားပါးမှုပြဿနာကို ကျော်လွှားရန်နှင့် ကုန်ကျစရိတ်အသက်သာဆုံးဖြင့် အကျိုးအမြတ်အများဆုံးရရှိရန်အတွက် စက်မှုလယ်ယာစနစ်နှင့် ကိုက်ညီသော ခေတ်မီစိုက်ပျိုးမှုပုံစံများကို ကျင့်သုံးလာကြသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် စိုက်တန်းအကွာအဝေးကို ငါးပေမှ ခြောက်ပေ အထိထားပြီး ကြံတန်းကြားလပ်များတွင် သက်တမ်းတိုသီးနှံများ (ပဲမျိုးစုံ၊ ပြောင်း၊ ဟင်းသီးဟင်းရွက်)ကို ကြံစိုက်ပျိုးသည့် ပထမ ၃-၄ လအတွင်း သီးနှံညှပ်စိုက်ကြသဖြင့် ကြံပင်မကြီးထွားမီကာလအတွင်း သီးညှပ်စိုက်မှ ဝင်ငွေစောစီးစွာရရှိသဖြင့်

*စာမျက်နှာ ၁၇ သို့*

**“ ကမ္ဘာ့ကြံစိုက်ပျိုးထုတ်လုပ်မှုတွင် ဦးဆောင်နေကြသောနိုင်ငံများ (ဘရာဇီး၊ ဩစတြေးလျ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံ)တွင် မြေဆီလွှာအရည်အသွေးမထိခိုက်စေဘဲ အထွက်နှုန်းအမြင့်ဆုံးရရှိရန် ခေတ်မီနည်းပညာများနှင့် စနစ်ကျသောအလေ့အကျင့်များကို ကျင့်သုံးလျက်ရှိကြပါသည်။ သကြားစက်ရုံများမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်း ကြံမြှုပ်ချေး (ဖော့စဖရပ်ကြွယ်ဝ)နှင့် အရက်ချက်စက်ရုံများမှ ထွက်လာသော ရေဆိုးအရည် (ပိုတက်ဆီယမ်နှင့် အော်ဂဲနစ်ဓာတ်ကြွယ်ဝ)တို့ကို စက်ရုံများနှင့် စိုက်ခင်းများ ချိတ်ဆက်ကာ မြေသြဇာအဖြစ် စနစ်တကျပြန်လည်လောင်းထည့်ခြင်းဖြင့် ဓာတ်မြေသြဇာသုံးစွဲမှုကို သိသိသာသာလျှော့ချနိုင်ခြင်း၊ ကြံခင်းများကို မီးရှို့ခုတ်သိမ်းခြင်းမပြုတော့ဘဲ စက်ဖြင့်ရိတ်သိမ်းပြီး ကျန်ရစ်သော ကြံရွက်ခြောက်များကို မြေဖုံးအဖြစ်ထားရှိခြင်းဖြင့် မြေဆီလွှာစိုစွတ်မှုကို ထိန်းသိမ်းပြီး အော်ဂဲနစ်ပမာဏကို တိုးပွားစေသည့်နည်းလမ်းများကို ဆောင်ရွက်လာကြ ”**

## မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မအူပင် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးသည် မအူပင်မြို့ သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်း ကြည့်ရှုသည်။



တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးသည် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ရွှေဘုန်းမြင့် ဘုရားနောက် ခိုင်စံပယ်လမ်းနှင့် ခိုင်နှင်းဆီလမ်း လမ်းသွယ်များ၌ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းဖော်ခြင်းလုပ်ငန်းများကို စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြို့ရှောင်လမ်း တစ်လျှောက် လမ်းဘေး ဝဲ/ယာရှိ ရေမြောင်းများအတွင်းမှ ဗေဒါပင်များ၊ ရေမှော်ပင်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## မော်လမြိုင်ကျွန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော်ကျောင်းကြီးစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းများကို ယနေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ရာနှင့် တာဝန်ရှိသူများက အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းတက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID အချက်အလက်များ စိစစ်ကောက်ယူ၍ နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ကျောင်းသားကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## တောင်ငူခရိုင်၌ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ငူ စက်တင်ဘာ ၂**

တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဖလား အသက်၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို တောင်ငူခရိုင် အားကစားကွင်း၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းနှင့် ဘင်ခရာတပ်ဖွဲ့တို့က ကွင်းအတွင်း နေရာယူကြသည်။

ထို့နောက် အုပ်စုပွဲစဉ်အဖြစ် တောင်ငူမြို့နယ် (ကပက)နှင့် ရေတာရှည်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ တောင်ငူမြို့နယ် (ကိုယ်ပိုင်အထက်တန်းကျောင်း)အသင်းမှ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ဇော်ကိုကို (တောင်ငူ)**



## တွံတေးမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော

**တွံတေး စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေး -ကော့မှူးလမ်း ဘုရားကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ဘုရားကြီး)၌ ယနေ့ နံနက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပရာ အမှတ်(၅၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(တွံတေး)မှ ဒုရဲမှူးပြည်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။



ထို့နောက် တက်ရောက်လာကြသည့် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၄၀၀ အား ဒုရဲမှူးနှင့် တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**မျိုးလှိုင်(တွံတေး)**



## သာယာဝတီမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**သာယာဝတီ စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီက အထက(၁) သာယာဝတီကျောင်းဝင်းအတွင်း စုပေါင်းဆောင်ရွက်ရာတွင် သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးခိုင် ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲစိုးနှင့် ရဲတပ်ဖွဲ့ဝင်များက အထက(၁) သာယာဝတီကျောင်းဝင်းအတွင်း၊ အပြင်ရှိအမှိုက်များ၊ သစ်ရွက်ခြောက်များ ရှားရှင်းလင်းခြင်း၊ သစ်ပင်များ၊ သစ်ကိုင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## စလင်းမြို့ အမှတ်(၁)အခြေခံပညာကျောင်း၌ တစ်သျှူးငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး

**စလင်း စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မြင်တင်ရပ်ကွက် အမှတ်(၁)အထက ကျောင်း၌ တစ်သျှူးငှက်ပျောပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက်က ကျင်းပရာ ပြည်သူ့လွှတ်ကိုယ်စားလှယ် ဦးဇော်နိုင်၊ မြို့နယ်ပညာရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ ကျောင်းအုပ်ဆရာကြီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက အထက(၁)စလင်းကျောင်းဝင်းအတွင်း သတ်မှတ်မြေနေရာများ၌ ရာသီဥတုနှင့်သင့်တော်ပြီး အထွက်နှုန်းကောင်းမွန်သည့် တစ်သျှူးငှက်ပျောပင်ပေါင်း ၂၀၀ အား စနစ်တကျ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**မောင်လွင်(စလင်း)**

*စာမျက်နှာ ၁၆ မှ*

တစ်နှစ်ပတ်လုံး ငွေကြေးလည်ပတ်မှုကို အထောက်အကူပြုခြင်း၊ ကြံတန်းကြားရှိ ပေါင်းမြက်ပေါက်ပွားမှုကို သဘာဝအတိုင်းသက်သာစေပြီး ဓာတ်မြေဩဇာကိုလည်း အကျိုးရှိစွာ အသုံးချနိုင်ခြင်းကြောင့် တစ်ဧကအပေါ်တွင် အကျိုးအမြတ် သိသိသာသာ တိုးတက်ရရှိစေသည်။

မြန်မာနိုင်ငံ၏ ကြံစိုက်ပျိုးရေးကဏ္ဍတွင် အထက်ပါကမ္ဘာ့အဆင့်မီ စက်မှုလယ်ယာနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို အချို့သောကုမ္ပဏီကြီးများ၏ စိုက်ခင်းများ (ဥပမာ- ရွှေပြည်မြေ၊ မန္တလေး-စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်း/မြောက်ပိုင်းရှိ အချို့သော သကြားစက်ပိုင်စိုက်ခင်းများ)တွင် စတင်ကျင့်သုံးနေပြီဖြစ်သည်။

သို့သော်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည့် အသေးစားနှင့် အလတ်စားတောင်သူ အများစုတွင်မူ မိရိုးဖလာစနစ်အတိုင်းသာ ဆက်လက်စိုက်ပျိုးနေဆဲဖြစ်သည့်အတွက် ကမ္ဘာ့အဆင့်မီ စရိတ်သက်သာပြီး အကျိုးအမြတ်များသည့်စနစ်များသို့ အပြည့်အဝကူးပြောင်းနိုင်ရန် အဓိကဖြည့်ဆည်းပေးရန် လိုအပ်နေသည့်အချက်များမှာ ခေတ်မီ GPS ပါသော ကြံစိုက်စက်ကြီးများ၊ နှစ်တန်းတွဲဖက်စိုက်စက်များ၊ ကြံခုတ်စက်ကြီးများကို တောင်သူတိုင်း ကိုယ်ပိုင်ဝယ်ယူရန် မဖြစ်နိုင်သေးသဖြင့် သကြားစက်ရုံများက သို့မဟုတ် အငှားဝန်ဆောင်မှုပေးသည့် စနစ်များပိုမိုတွင်ကျယ်ရန် လိုအပ်သည့်အပြင် စက်ကြီးများ ဝင်ရောက်နိုင်ရန် မြေညှိခြင်းနှင့် ထွန်စက်ကြီးများ လွတ်လပ်စွာ သွားလာနိုင်သည့်လမ်းများအပါအဝင် ခေတ်မီလယ်ယာမြေအကွက်ဖော်ခြင်းကို ကျေးရွာအုပ်စုအလိုက် လုပ်ဆောင်နိုင်ရန် လိုအပ်သည်။

ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန် ပထမအကြိမ်တွင် စက်ကိရိယာ၊ မျိုးကောင်းမျိုးသန့်နှင့် မြေပြင်စရိတ်တို့အတွက် ရင်းနှီးမြှုပ်နှံမှု ပိုလိုအပ်သဖြင့် တောင်သူများအား အတိုးနှုန်းသက်သာသော စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိရန် လိုအပ်ပါသည်။ နိုင်ငံတကာသုံးနေသော နှစ်တန်းတွဲ စိုက်စနစ်၊ သီးညှပ်စိုက်စနစ်နှင့် ကြံပင်ကြွင်းကျန် မီးမရှို့ဘဲ ထားရှိခြင်း၏ အကျိုးကျေးဇူးများကို တောင်သူများ ကိုယ်တိုင်မျက်မြင်တွေ့ရှိနိုင်ရန် ဒေသအလိုက် စံပြစိုက်ခင်းများ ဆောင်ရွက်သင့်ပါသည်။

ဖော်ဆောင်ပေးရန်နှင့် ပင်ပွားနှုန်းကောင်းပြီး ရောဂါဒဏ်ခံနိုင်သော ခေတ်မီကြံ မျိုးကောင်းမျိုးသန့်များကို တောင်သူများလက်ဝယ်သို့ လွယ်ကူစွာဝယ်ယူရရှိနိုင်သည့်စနစ် ခိုင်မာလာရန်လည်း လိုအပ်ပါသည်။ လက်ရှိမြန်မာနိုင်ငံတွင် အဆိုပါစနစ်များသို့ ကူးပြောင်းမှုများ စတင်ပေါ်ပေါက်နေပြီ ဖြစ်သော်လည်း လုပ်သားရှားပါးလာမှုနှင့် ကုန်ကျစရိတ်မြင့်မားလာမှုကို ရင်ဆိုင်ဖြေရှင်းရန် စက်မှုလယ်ယာဝန်ဆောင်မှုများကို တောင်သူများ ပိုမိုလက်လှမ်းမီနိုင်ရေးနှင့် စိုက်ပျိုးရေးနည်းပညာ ဖြန့်ဝေမှုများ တိုးမြှင့်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## လယ်ဝေးမြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သမဝါယမဦးစီးဌာန၌ ယမန်နေ့က သမဝါယမစနစ်ကို အခြေခံကာ စုပေါင်းဆောင်ရွက်မည့် စနစ်ကျ Cooperative Based Farming Project (CBFP)စီမံကိန်းနှင့် သီးနှံသိုလှောင်အပ်နှံလက်မှတ် ကြိုတင်ချေးငွေ Warehouse Receipt Financing(WRF)စနစ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တောင်သူလယ်သမားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရှင်းလင်းပြောကြားပြီး နေပြည်တော်တိုင်းသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက သမဝါယမစနစ်ကို အခြေခံ



၍ စုပေါင်းဆောင်ရွက်မည့် (CBFP)၊ (WRF) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများနှင့် လုပ်ငန်းစနစ်များကို ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကော့ကရိတ်မြို့နယ်၌ ပညာရေးမိသားစု ငွေစုငွေချေးသမအသင်းအမှုဆောင်အဖွဲ့ရွေးချယ်

**ကော့ကရိတ် စက်တင်ဘာ ၂**

ကော့ကရိတ်မြို့ ပညာရေးမိသားစုငွေစုငွေချေး သမဝါယမအသင်း (လီမိတက်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၃၁ ရက်က မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက အသင်း၏ လုပ်ငန်း



ဆောင်ရွက်နေမှု၊ အသင်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ဝိုင်းဝန်းကူညီ ဖော်ဆောင်သွားကြရန် ရှင်းလင်းပြောကြားပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေမှုစာရင်း၊ အသင်းစာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားပြီး သဘာပတိက အတည်ပြုပေးခဲ့သည်။

ထို့နောက် သမဝါယမအသင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေနှင့်အညီ အမှုဆောင်နှင့် အသင်းစာရင်းစစ်များအား အတည်ပြုရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ထားဝယ်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ထားဝယ် စက်တင်ဘာ ၂**

ထားဝယ်မြို့ရှိ ရပ်ကွက်နေပြည်သူများအား ဥပဒေအသိပညာဆင့်ပွားသင်တန်းကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ရာ တာဝန်ရှိသူများက ဗျောတောဝရပ်ကွက်ရှိ ကျောက်မော်ကြီးဓမ္မာရုံနှင့် ကျောက်မော်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် ရပ်ကွက်နေပြည်သူများအား ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း၊ ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ ကလေးသူငယ် လိင်အကြမ်း



ဖက်မှု(သို့)လုပ်သားအဖြစ်ခိုင်းစေခြင်း၊ ကလေးသူငယ်များအား စစ်မှုထမ်းစေခြင်းနှင့် ကလေးစစ်သား စုဆောင်းခြင်းဥပဒေတို့ကို ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

## တိုက်ကြီးမြို့နယ် တော်လတီ-ကလော့သော့လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**တိုက်ကြီး စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် တော်လတီ-



ကလော့သော့လမ်းအား ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။ တိုက်ကြီးမြို့နယ်၌ ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး သွားလာမှုအဆင်ပြေစေရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တော်လတီ-ကလော့သော့လမ်းအရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ၇ လက်မ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)နေပြည်တော်မှ အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## ဒက္ခိဏသီရိမြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂**

သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်စီမံကိန်းနှင့် သီးနှံသိုလှောင်ရုံ၊ သီးနှံအပ်လက်မှတ် ကြိုတင်ချေးငွေစနစ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပ



သည်။ ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် တာဝန်ရှိသူများက သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆောင်ရွက်သွားမည့် စနစ်များနှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော သမဝါယမအသင်းသား တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏ)

## မိုင်းဆတ်မြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**မိုင်းဆတ် စက်တင်ဘာ ၂**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်ပါ အသိပညာပေး Bill Board ချိတ်ဆွဲခြင်းကို ယနေ့နံနက် ၉ နာရီက မိုင်းဆတ်မြို့ မြို့ဝင် ဆိုက်ခေါင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဆောင်ရွက်သည်။ ထို့နောက် ဌာနဆိုင်ရာများပူးပေါင်း၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)



## ဘီးလင်းမြို့နယ်၌ ပညာ့အားမာန်သမအသင်း နှစ်ပတ်လည်စည်းဝေး၊ အမှုဆောင်ရွေးချယ်

**ဘီးလင်း စက်တင်ဘာ ၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပညာ့အားမာန် ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက အမက-၂ (ကန်သာယာ) ကျောင်း၌ ကျင်းပရာ အသင်းတာဝန်ရှိသူတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့်လုပ်ငန်းများကို ကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်၍သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသင်းအမှုဆောင်အသစ် ဖွဲ့စည်းပေးခဲ့ပြီး အသင်းသားများအား အစုပေါ်အမြတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## နိုင်ငံသားစိစစ်ရေးကတ်နှင့်UIDကတ်များဆောင်ရွက်ပေး

**ဒိုက်ဦး စက်တင်ဘာ ၂**

ဒိုက်ဦးမြို့နယ် (အမှတ်-၁) အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို နေ့ချင်းပြီးထုတ်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်ပေးခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဝေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

စိုးထက်ကျော်(ပြန်/ဆက်)



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ သားဦးရတနာလေးအား(၃၁-၈-၂၀၂၆) ရက်နေ့တွင် ကျန်းမာစွာ မွေးဖွားသန့်စင်ပေးပါသော သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းထွန်းဦး၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာမြတ်ဖြိုးသူနှင့် ဆရာဝန်၊ သူနာပြုများ၊ အဘက်ဘက်မှ လိုလေသေးမရှိဝိုင်းဝန်းကူညီပေးကြပါသော မြတ်တော်ဝင် (ကလော)အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါ်အိမွန်ဝင်းနှင့် ဆေးရုံဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ သားဦးလေး ဖွားမြင်ခြင်းအတွက် ဝမ်းမြောက်ကြောင်း သတင်းမေးမြန်းကြသူများကိုလည်းကောင်း၊ မွေးနေ့လက်ဆောင်ပေးပို့ကြသူများ အားလုံးကိုလည်းကောင်း အထူး လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**ဖေဖေ ကိုဝေဟောင်အာကာဇော် + မေမေ မစုဝေထူး**
**ဘိုးဘိုး ဦးဇော်ဝင်း၊ ဘွားဘွား ဒေါ်သီသီမြင့်**
**ဘိုးဘိုး ဦးသောင်းရွှေ၊ ဘွားဘွား ဒေါ်စန်းစန်းမြင့်**

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဘ)ဦးရာဂျဲလ်ကူမာ ၇/ ကတခ(နိုင်) ဝ၇၄၈ဝ၅၏သား အထက(ဘာဘူကုန်း)ကျောင်း Grade-12(A) မှ မောင်အောင်ဆန်းလင်းအား မောင်အဂျဲကူမာဟု အမည်ပြောင်းလဲခေါ်ပါရန်။
မောင်အဂျဲကူမာ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ နှင်းဆီမြိုင်လမ်း၊ မြေကွက်အမှတ်(၁၆၉၆/စ) အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိဦးစင်ဝင်း(TME-019274) အမည်ပေါက်ပါ မစ်မြေကွက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့် ရှိကြောင်းအဆိုပြုသူ ဒေါ်နှင်းယုမိုး(၁၂/ဒဂတ(နိုင်)၀၅၁၄၉၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
Ph,09421746974 အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ (၃) လမ်း၊ မြေကွက်အမှတ် (၁၃၁ - A) ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်မြင့်မြင့် (၁၂/ဥကတ (နိုင်)၀၄၆၇၅၅) အမည်ပေါက် အလျား ပေ (၆၀)၊ အနံပေ (၄၀)၊ စတုရန်းပေ(၂၄၀၀)၊ ဧရိယာ (၀.၀၅၅ ဧက) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချောစုထွေး (၈/မဘန(နိုင်)၉၆၇၅၆၉) နှင့် ဒေါ်လွင်လွင်စိုး (၁၂/ဥကတ(နိုင်)၁၀၁၁၇၄) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးသီတာဝင်းအောင် (၁၂/မဂဒ(နိုင်)၁၃၀၁၃၅)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူ များရှိပါက ကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော် လွန်ပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသီတာဝင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာမြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့ | ရပ်/ကျေး | ကွင်းအမှတ်/ အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်း အရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်နီနီစိုး | ပုသိမ် | အမှတ်(၁၃) | ၅၂/ရွှေဝတ်မှုံ | ၁၂၇ | ၀.၁၈၅ | အမည်ပြောင်း |
| ၂ | ဒေါ်မြင့်ဝင်း | ချောင်းသာ | အမှတ်(၂) | ၁၉၉၀/ချောင်းသာ | စ-၁(က) | ၀.၀၇၃ | အမည်ပြောင်း |
| ၃ | ဒေါ်မေသက်သက်ဦး | ပုသိမ် | အမှတ်(၁၃) | ၅၂/စီးပွားဇုန် | B-၆၉/က | ၀.၀၅၅ | အသစ် |
| ၄ | ဦးမြင့်နိုင် | ပုသိမ် | အမှတ်(၁၃) | ၅၂/စီးပွားဇုန် | D-၃၅၁၊ D-၃၅၂ | ၀.၁၁၀ | အသစ် |
| ၅ | ဦးအောင်ငွေးကြိုင် (ခ) ငွေးကြိုင် | ပုသိမ် | အမှတ်(၁၃) | ၅၂/စီးပွားဇုန် | D-၁၇၈ | ၀.၀၅၅ | အသစ် |
| ၆ | ရောဝတီ ဘိုးဘွားရိပ်သာ | ပုသိမ် | အမှတ်(၃) | ၃၂/ကိုးသိန်းမြောက် | ၂၁-က | ၀.၂၅၈ | သက်တမ်းတိုး |
| ၇ | ဦးချန်ထွန်း | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | F-၁၅၉/၂၊ F၁၆၀/ခ | ၀.၀၅၅ | အသစ် |
| ၈ | ဒေါ်ခင်နွယ်ဦး | ပုသိမ် | အမှတ်(၂) | ၄၈-ခ/ ထန်းတပင်သင်္ချိုင်း | D-၁၇၈ | ၀.၁၁၀ | သက်တမ်းတိုး |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၁၁၇၇၃, Dream 99-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၁၂/ဒပန(နိုင်) ၀၇၄၀၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး၊**
**သာယာဝတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၅၅၆၃၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၀/မလမ (နိုင်)၁၈၆၂၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၆၆၈၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးရွှေသိန်း ၁၀/မဒန(နိုင်)၂၃၈၂၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က (၁)၊ Grade-11( C ) မှ နန်းလင်းလက်ဟန်နီ ၏ ဖခင်အမည်မှန်မှာ ခွန်အောင်နိုင်ဝင်း(၁၃/တကန (နိုင်)၂၆၆၃၈၅) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

(ဘ) ဦးအေးမောင်မောင်၏သား တောင်ကြီးမြို့၊ အ.ထ.က(၇) Grade-5(A) မှ မောင်ရှိုင်းဝဏ္ဏကျော်အား ယနေ့မှစ၍ မောင်ဘုန်းဝဿန် ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

